# မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း

## မြန်မာနိုင်ငံရှိ မိတ်ဖက်ပြုမှုကိုအခြေခံသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် အမျိုးသားအဆင့်နှင့် ဒေသတွင်းပါဝင်ဆောင်ရွက်သူများ၏ ခေါင်းဆောင်မှုကြံ့ခိုင်အားကောင်းစေသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလေ့အကျင့်များအတွက် အကြံပေးချက်များ။ ။




Funded by European Union Civil Protection and Humanitarian Aid

christian aid · care · tearfund · actionaid · CAFOD · OXFAM

ခရစ်ယာန် ကူညီထောက်ပံ့ရေးအဖွဲ့ (Christian Aid) သည် ကမ္ဘာတစ်ဝှမ်း လူသားတိုင်း ဆင်းရဲမွဲတေမှုမှ ကင်းဝေးပြီး ပြီးပြည့်စုံသည့် ဘဝများတွင် နေထိုင်နိုင်မည့် ကမ္ဘာကြီးတစ်ခုအဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲရန် တိုက်တွန်းလှုံ့ဆော်ပေးနေသည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။

ကျွန်ုပ်တို့သည် လူမျိုးဘာသာ ခွဲခြားမှုမရှိဘဲ ကမ္ဘာအနှံ့ ဆင်းရဲမွဲတေမှု ဖြစ်ပေါ်စေသည့် အကြောင်းရင်းများကိုတိုက်ဖျက်ပြီး တန်းတူညီမျှမှု၊ လူ့ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုများကို ဆောင်ကြဉ်းပေးမည့် ကြီးမားသော အပြောင်းအလဲများအတွက် ဆောင်ရွက်လျက်ရှိသည်။

ကျွန်ုပ်တို့သည် ဆင်းရဲမွဲတေမှု၏ အကျိုးသက်ရောက်မှုများနှင့် ၎င်း၏အခြေခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းပြီး များစွာလိုအပ်နေသည့်နေရာများတွင် လျင်မြန်၍ လက်တွေ့ကျပြီး အကျိုးသက်ရောက်မှုရှိမည့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။

christianaid.org.uk

ဆက်သွယ်ရန်

ခရစ်ယာန်ကူညီထောက်ပံ့ရေးအဖွဲ့

အမှတ် (၃၅) အောက်မာ့(ရှ်)လမ်း

ဝါတာလူး

လန်ဒန်

SE 1 7RL

ဖုန်းနံပါတ် - +၄၄(၀)၂၀၇၆၂၀၄၄၄၄

အီးမေးလ် - info@christian-aid.org

ဝက်ဘ်ဆိုက် - christianaid.org.uk

ဗြိတိန်နိုင်ငံအခြေစိုက် ပရဟိတအသင်းများ စာရင်းသွင်းမှု အမှတ် - ၁၁၀၅၈၅၁၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၅၁၇၁၅၂၅၊ စကော့တလန် ပရဟိတအသင်းအမှတ် - SC၀၃၉၁၅၀၊ အမ်(န)အိုင် ပရဟိတအသင်းအမှတ် - XR၉၄၆၃၉၊ ကုမ္ပဏီအမှတ် - NI၀၅၉၁၅၄၊ ROI ပရဟိတအသင်းအမှတ် - CHY၆၉၉၈၊ ကုမ္ပဏီအမှတ် - ၄၂၆၉၂၈။

ခရစ်ယာန်ကူညီထောက်ပံ့ရေးအဖွဲ့ အမည်နှင့် အမှတ်တံဆိပ်သည် ခရစ်ယာန်ကူညီထောက်ပံ့ရေးအဖွဲ့၏ မူပိုင်အမှတ်တံဆိပ်ဖြစ်သည်။

ခရစ်ယာန်ကူညီထောက်ပံ့ရေးအဖွဲ့သည် act alliance အဖွဲ့၏ အဖွဲ့ဝင် ဖြစ်သည်။

## ကျေးဇူးတင်အသိအမှတ်ပြုမှုများ

ကျွန်ုပ်တို့သည် ဤသုတေသနတွင် ပါဝင်ဆောင်ရွက်ပြီး တန်ဖိုးရှိလှသော အချိန်များကို ရင်းနှီးမြှုပ်နှံ ပေးခဲ့ကြသူများကို ကျေးဇူးတင်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၊ နီပေါ၊ နိုင်ဂျီရီးယားနှင့် တောင်ဆူဒန်နိုင်ငံတို့မှ သုတေသနများတွင် ၎င်းတို့၏ အမြင်များကို ဖလှယ်ပေးခဲ့ကြသည့် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါသည်။

## မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း အစီအစဉ်စုဖွဲ့မှု

"Victor Arokoyo (Christian Aid Nigeria), Jane Backhurst (Christian Aid UK), Saw Mar Taw Gyi (Christian Aid Myanmar), Lizz Harrison and Carol Hatchett (Christian Aid UK), Alexandra Panaite (ActionAid UK), Malish John Peter (CARE South Sudan), Charlie Rowley (Oxfam GB), Hast Bahadur Sunar (Tearfund Nepal). Thanks also to other staff in the *Accelerating Localisation through Partnerships* consortium for review and feedback, including Simone Di Vicenz (Christian Aid UK), Inge Groenewegen (Christian Aid UK), Rajan Khosla (Christian Aid Myanmar), Frédérique Lahoux (CARE International), Paul Johnston (Tearfund UK), Michael Mosselmans (Christian Aid UK), Katherine Nightingale (CARE International UK), Christina Schmalenbach (Oxfam GB), Anne Street (CAFOD)" အစရှိသူတို့ ပါဝင်သည့် သုတေသနအကြံပေး အဖွဲ့အား ကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာသည် Christina Schmalenbach ၏ အချိန်ကြာမြင့်စွာ ပြုလုပ်ထားသည့် သုတေသနအစီရင်ခံစာ အကျဉ်းချုပ်ဖြစ်သည်။ အသေးစိတ် သိလိုပါက - www.christianaid.org.uk/about-us/programmes/accelerating-localisation-through-partnerships

## သဘာဝဘေးအန္တရာယ် စုပေါင်း စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအရုံး

သဘာဝဘေးအန္တရာယ် စုပေါင်း စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအရုံးသည် မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း အစီအစဉ်စုဖွဲ့မှုကိုယ်စား ဆောင်ရွက်ခဲ့သည့်အတွက် အစုအဖွဲ့အနေဖြင့်အစည်းအရုံးမှ Marilise Turnbull နှင့် Lezlie Moriniere ၎င်းတို့၏ အချိန်ပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင်

Charlotte Gendre ကို ကျေးဇူးတင်သည့်အပြင် အမျိုးသားအဆင့် သုတေသနအဖွဲ့ဝင်များ ဖြစ်သည့် Thura Tun (Myanmar), Era Shrestha နှင့် Rita Shrestha (Nepal), Andrew Onwuemele (Nigeria), and Ale Peter Michael (South Sudan) တို့အပြင် ဘာသာပြန်သူနှင့် မှတ်တမ်းရေးမှတ်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။

သဘာဝဘေးအန္တရာယ် စုပေါင်း စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအရုံး အကြောင်းပိုမို သိရှိလိုပါက - http://irmassociates.org/

## ဥရောပကော်မရှင် အရပ်သားကာကွယ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီ ထောက်ပံ့မှုဌာန

အထက်ဖော်ပြပါ ဌာနကိုလည်း ဤအစီအစဉ်နှင့် သုတေသနအတွက် ထောက်ပံ့ကူညီမှုနှင့် ရန်ပုံငွေထောက်ပံ့ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သဖြင့် ကျေးဇူးတင်ရှိပါသည်။

ဤအဖွဲ့အစည်းအကြောင်း ပိုမို သိရှိစေရန် - http://ec.europa.eu/echo

ရှေ့ဖုံး ဓာတ်ပုံ - ခရစ်ယာန် ကူညီထောက်ပံ့ရေးအဖွဲ့မှ ကောင်းထက်က ကချင်ပြည်နယ်၊ ပိုင်းမော်မြို့နယ်ရှိ နိုင်ငံတွင်း စစ်ဘေးရှောင်ပြည်သူများစခန်း တစ်ခုမှ ကလေးများ ဆော့ကစားနေပုံကို ရိုက်ကူးထားခြင်းဖြစ်သည်။

ဤမှတ်တမ်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေး လုပ်ရှားဆောင်ရွက်မှုအကြောင်းမှတ်တမ်းတင်ထားခြင်း ဖြစ်ပြီး ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးဆိုင်ရာ ကူညီထောက်ပံ့မှုများ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည်။ အထက်ဖော်ပြပါ ရှုထောင့်အမြင်များသည် ဥရောပသမဂ္ဂ၏ သဘောထားကို ထင်ဟပ်ပြသထားခြင်းမဟုတ်သည့်အပြင် ပါဝင်သည့်အကြောင်းအရာ သတင်းအချက်အလက်နှင့် ပတ်သက်၍ အသုံးချမှု တစ်စုံတစ်ခုအတွက် ဥရောပကော်မရှင်တွင် တာဝန်မရှိပါ။

Funded by
European Union
Civil Protection and
Humanitarian Aid

## မာတိကာ

ကျေးဇူးတင်အသိအမှတ်ပြုများ

အကျဉ်းချုပ်

နိဒါန်း

သုတေသနနည်းနာ

ရှာဖွေတွေ့ရှိချက်များ

၃.၁ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခြေအနေ

၃.၂ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ အကြား မိတ်ဖက်ပြုမှု

၃.၃ အဓိက စွမ်းဆောင်နိုင်မှုများနှင့် ရင်းမြစ်များ

၃.၄ တန်ဖိုးထားမှု၊ အခြေခံမှုများနှင့် စံများ

၃.၅ ပြင်ပအကြောင်းခြင်းရာများ

နိဂုံးချုပ်များနှင့် အကြံပြုချက်များ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - အဓိက ညွှန်းဆိုမှုများနှင့် ထပ်မံဖတ်ရှုစရာများ

နောက်ဆက်တွဲ(၂) - လှုပ်ရှားဆောင်ရွက်မှုများ၊ စမ်းသပ်ဆောင်ရွက်မှုများနှင့် သုတေသနေ အကြံပေးချက်များ၏ တိုးတက်မှုများကို ဆန်းစစ်အကဲဖြတ်ရန် ဇယား

## အတိုကောက်စာလုံးများ စာရင်း

| | | |
|---|---|---|
| CHS | - | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဓိကစံနှုန်းများ |
| ECHO | - | ဥရောပကော်မရှင်အရပ်သားကာကွယ်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုဌာန |
| HR | - | လူ့စွမ်းအားအရင်းအမြစ်များ |
| INGO | - | နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း |
| L/NGO | - | အစိုးရမဟုတ်သော (ဒေသတွင်းနှင့် အမျိုးသားအဆင့်) အဖွဲ့အစည်းများ |
| MEAL | - | စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံခြင်း နှင့် လေ့လာသင်ယူခြင်း |
| NGO | - | အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| UN | - | ကုလသမဂ္ဂ |

## အကြံပေးရည်ညွှန်းချက်

ခရစ်ယာန်ကူညီထောက်ပံ့ရေးအဖွဲ့၊ CARE ၊ ActionAid၊ CAFOD, Oxfam ၂၀၁၉၊ မိတ်ဖက်ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် ကိုက်ညီအောင် ဆောင်ရွက်မှု အရှိန်မြှင့်တင်ခြင်း - မြန်မာနိုင်ငံရှိ မိတ်ဖက်ပြုမှုကို အခြေခံသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှား ဆောင်ရွက်မှုများတွင် အမျိုးသားအဆင့်နှင့် ဒေသတွင်း ပါဝင်ဆောင်ရွက်သူများ၏ ခေါင်းဆောင်မှု ကြံ့ခိုင်အားကောင်း စေသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလေ့အကျင့်များအတွက် အကြံပေးချက်များ။

## အကျဉ်းချုပ်

ဤသုတေသနကို မိတ်ဖက်ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် ကိုက်ညီအောင် ဆောင်ရွက်မှု အရှိန်မြှင့်တင်ခြင်း အစီအစဉ် က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ထိုအစီအစဉ်သည် များစွာသော အဖွဲ့အစည်းအေဂျင်စီများ ပေါင်းစပ်ဖွဲ့စည်းထားသည့် စုပေါင်းမှုတစ်ခု ဖြစ်ပြီး ငွေကြေးထောက်ပံ့ပေးသည်မှာ ဥရောပကော်မရှင် အရပ်သားကာကွယ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုဌာန ဖြစ်သည်။ ထောက်ပံ့မည့် ကာလသက်တမ်းမှာ ၂၀၁၇ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ (၂)နှစ်တာ ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား ဒေသနှင့်ကိုက်ညီစွာဆောင်ရွက်မှု ကို အကောင်းဆုံး တွန်းအားပေးရန်အတွက် ပြည်တွင်း၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား မိတ်ဖက်ပြု ဆောင်ရွက်ရာတွင် အထောက်အပံ့ပြုမည့် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ အခြေခံများကို စတင်တည်ဆောက်ရန် ဖြစ်သည်။

ဤသုတေသနကို ပြုလုပ်ရာတွင် အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို အခြေခံထားသည့် သုတေသနဆိုင်ရာ ပေါင်းစပ်နည်းနာကို အသုံးပြုထားသည်။ ဒေသတွင်းနှင့် အမျိုးသားအဆင့်တွင် ကျယ်ပြန့်စုံလင်သည့် သုတေသန စံထားမှုတစ်ခု ဖြစ်လာစေရန် စစ်တွေ၊ မကွေး၊ မြစ်ကြီးနား အစရှိသည့် ဒေသတို့တွင် အခြေခံကျသည့် ဆွေးနွေးတိုင်ပင်မှုများကို ပြုလုပ်ဆောင်ရွက် ခဲ့သည်။ ဤသုတေသနအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ စုစုပေါင်း (၉၈)ခုနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ (၈၇)ရာခိုင်နှုန်းမှာ ဒေသတွင်းနှင့် အမျိုးသား အဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်ကြသည်။

ရှာဖွေတွေ့ရှိမှုများသည် မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများ၏ အမျိုးစုံလင်ကွဲပြားသည့် အတွေ့အကြုံများကို လျစ်ဟပြသနေပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား ဒေသနှင့်ကိုက်ညီစွာဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရာတွင် မိတ်ဖက်ဆောင်ရွက်မှု အလေ့အထအား ခိုင်မာလာစေရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း များကို ကူညီပံ့ပိုးပေးမည့် တန်ဖိုးရှိသော အမြင်များကိုပါ ဖော်ပြထားသည်။ ရှာဖွေတွေ့ရှိမှုများတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို ငွေကြေးထောက်ပံ့ပေးမည့် သူများ အထူးသဖြင့် မဟာ သဘော တူညီချက်(the Grand Bargain) တွင် ပါဝင်လက်မှတ်ရေးထိုး သော အဖွဲ့ဝင်များနှင့် ကိုက်ညီမှုရှိမည့် အရာများလည်း ပါဝင်သည်။

မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော (ဒေသတွင်းနှင့် အမျိုးသားအဆင့်)အဖွဲ့အစည်း များက အလှူရှင်များနှင့် ကုလသမဂ္ဂအေဂျင်စီများနှင့် ချိတ်ဆက်၍

လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှုတို့ လုပ်ဆောင်ရာတွင် ၎င်းတို့ ကိုယ်ပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ပိုင်ခွင့်တို့ကို ကန့်သတ်ထားဆဲဖြစ်သည်။ မိတ်ဖက်ပြုမှုများကို တန်းတူညီမျှမှုရှိသည် ဟူသော အမြင်နှင့် မရှုမြင်ကြသဖြင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်လုပ်ဆောင်မှု နယ်မြေအတွင်းမှ အကြပ်အတည်း ခံစားရသည့် လူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ရန်ကိစ္စရပ်များတွင် လိုအပ်ချက်များ ရှိနေသည်။

သုတေသနတွင် ပါဝင်ဖြေကြားခဲ့သူများ၏ သတ်မှတ်ချက်အရ မြန်မာနိုင်ငံတွင် ထိရောက်သော မိတ်ဖက်ပြုမှုများအတွက် အရေးပါသော အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တည် ဆောက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံမှုနှင့် သင်ယူလေ့လာမှု၊ စီမံကိန်းပုံစံဒီဇိုင်း၊ စီစဉ်ချထားမှုနှင့် စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံမှု၊ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရန်ပုံငွေမြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုတို့ ဖြစ်သည်။ အဆိုပါ စွမ်းဆောင်နိုင်မှု (၇)မှု နှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီမှုရှိအောင် ဆောင်ရွင်မှု အများဆုံးနှင့် အနည်းဆုံးဖြစ်နိုင်စွမ်းရှိသည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ၏ ဥပမာသာဓကများကို အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။ သုတေသနတွင် ပါဝင်ဆောင်ရွက်သူများက အရေးကြီးသော တန်ဖိုးထားမှုနှင့် အခြေခံမှုများအနေနှင့် ဖော်ပြထားသည် များမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များတွင် တာဝန်ခွဲဝေဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဝါဒများနှင့် အကျိုးသက်ရောက်ခံ လူများ အပေါ် တာဝန်ခံမှုတို့ ဖြစ်သည်။ ယုံကြည်မှုနှင့် လေးစားမှုတို့သည် မိတ်ဖက်ပြုမှုတွင် အခြေခံကျကျ အရေးပါပြီး ဒေသနှင့်ကိုက်ညီအောင် ဆောင်ရွက်မှု ဖြစ်ပေါ်စေမည့် အလားအလာကို နည်းပါးဟန့်တားစေသည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များမှာ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဖော်ပြပါ တန်ဖိုးထားမှုများ ကင်းမဲ့နေခြင်း ကြောင့် ဖြစ်သည်။

ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက လူ့စွမ်းအား အရင်းအမြစ်များ စီမံခန့်ခွဲမှု၊ ထောက်ပံ့ပို့ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အားပေးထောက်ပံ့မှုနှင့် စီမံကိန်း ပုံစံဆွဲခြင်းနှင့် စီစဉ်မှုပြုခြင်းတို့တွင် အရေးပါသော ဦးဆောင်မှုဖြင့် ပါဝင်ဆောင်ရွက်သင့်ပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် ရန်ပုံငွေမြှင့်တင်ခြင်းတို့တွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ထောက်ပံ့ကူညီခြင်းဖြင့် မိတ်ဖက်ပြုမှုကို ဦးစားပေး ဆောင်ရွက်နိုင်သည်။ သုတေသန ရှာဖွေတွေ့ရှိချက်အရ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကြားတွင် ကာလရှည် မိတ်ဖက်ပြုမှုက ဒေသနှင့်ကိုက်ညီအောင်ဆောင်ရွက်မှု ပိုမိုလွယ်ကူစေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ ဖြစ်ကြောင်း အကြံပြုထားသည်။ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများ အနေနှင့်

သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခဆိုင်ရာ နောက်ခံအကြောင်းတရားများတွင် မိတ်ဖက်ဆောင်ရွက်မှုနှင့် ပတ်သက်၍ မကျေနပ်မှုများကို ပိုမိုနားလည်ရန် လိုအပ်သည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ တွင် ပါဝင်သော စေ စေတနာ့ဝန်ထမ်းများနှင့် ၎င်းတို့၏ ချိတ်ဆက်မှုကွန်ရက်တို့ကိုလည်း မိတ်ဖက်ပြုမှု အလေ့အကျင့်များထဲတွင် ထူးခြားမှုတစ်ခု အနေနှင့် အသိအမှတ်ပြုရန် လိုအပ်သည်။

သုတေသနမှထွက်ပေါ်လာသည့် အကြံပေးချက် (၁၁)ခုမှာ သုတေသန ရှာဖွေတွေ့ရှိချက်နှင့် အကြံပေးချက်များ အပေါ်တွင် ဖက်စပ်ပြန်လည်သုံးသပ်မှု၊ မိတ်ဖက်ဆောင်ရွက်ခြင်းအားဖြင့် ဒေသနှင့် ကိုက်ညီအောင်ဆောင်ရွက်မှုအား ဆောင်ရွက်ခြင်းကို ကန့်သတ်ထားသည့် ပြင်ပအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ခြင်း၊ မိတ်ဖက်ပြုမှုဆိုင်ရာ အကြံပေးချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသတွင်းနှင့် အမျိုးသားအဆင့် ပါဝင်ဆောင်ရွက်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် စွမ်းဆောင်ရည်များကို အကဲဖြတ်သုံးသပ်ခြင်း၊ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည် တည်ဆောက်မှုကို အကဲဖြတ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီထောက်ပံ့ပေး ခြင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဝါဒများကို သဘောပေါက် နားလည်ရေးအတွက် ဆွေးနွေးမှုများ ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင် ဆင်မှုများနှင့် ဖြစ်လာနိုင်သော အန္တရာယ်တို့ကို လျှော့ချရာတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ရန်ပုံငွေများရရှိရေး တိုက်ရိုက်ထိတွေ့ဆက်ဆံမှုအတွက် ပွင့်လင်းမြင်သာစွာ ဆွေးနွေးခြင်း၊ ချိတ်ဆက်မှုများကို ထောက်ခံအားပေးမှုနှင့် ဒေသတွင်း လုပ်ရှားဆောင်ရွက်သူများနှင့် အလှူရှင်အဖွဲ့အစည်းများ အကြား နားလည်မှု တည်ဆောက်ခြင်း၊ ဒေသတွင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများကို ဘဏ္ဍာငွေကဏ္ဍတွင် စဉ်ဆက်မပြတ် ရပ်တည်နိုင်စေရန် ထောက်ပံ့အားပေးမှုတို့ ဖြစ်သည်။

ရေခံမြေခံပြုမှု အစီရင်ခံစာတွင် ပါဝင်သည့် မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံး ဆိုင်ရာ အတွက် ရေခံမြေခံပြုမှုဆိုင်ရာ မူဘောင်များမှ လေ့လာသင်ယူပြီး မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ရေး အစီအစဉ်၏ စုဖွဲ့မှု အဖွဲ့ဝင်များ သည် အထက်ပါ သုတေသန အကြံပေးချက်များကို စမ်းသပ်မှုတစ်ခု အနေဖြင့် လုပ်ဆောင်မည် ဖြစ်သည်။

# နိဒါန်း

## ၁.၁ နောက်ခံအကြောင်းတရား

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် ပါဝင်သည့် ဒေ ဒေသတွင်းနှင့် အမျိုးသားအဆင့် ပါဝင်ဆောင်ရွက်သူများ၏ အခြေခံကျသော ကဏ္ဍကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကဏ္ဍ၏ အဓိက စံချိန်စံညွှန်းများနှင့် လိုက်နာရမည့် ကျင့်ဝတ်များ ဖြစ်သည့် သဘာဝဘေးအန္တရာယ်နှင့် ဆက်စပ်သည့် ပြန်လည်ထူထောင်မှုများတွင် ပါဝင်သော အစိုးရမဟုတ် သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းလှုပ်ရှားမှုများအတွက် ကျင့်ဝတ်များ၊ စက်လုံးစံချိန်စံညွှန်းများ၊ အရည်အသွေးနှင့် တာဝန်ခံမှုအပေါ် တွင် အခြေခံသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စအဓိက စံချိန်စံညွှန်းတို့တွင် ပြဌာန်းပြီး ဖြစ်သည်။ ယခုလတ်တလောက ထွက်ရှိသည့် အစီရင်ခံစာများနှင့် ပတ်သက်သည့် လွတ်သွားသည့် အခွင့်အလမ်းများနှင့် ပတ်သက်သော အစီရင်ခံစာအတွဲတွင် များစွာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန် ဆောင်ရွက်မှုများတွင် ဒေသ တွင်း ပါဝင်ဆောင်ရွက်သူများ၏ မိတ်ဖက်ပြုမှုဆိုင်ရာ အတွေ့အကြုံများ အကြောင်းပါဝင်ပြီး ကူညီထောက်ပံ့ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်ပြုမှုများ အား ရေခံမြေခံပြုရေးအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများကို အတွင်းကျကျ သိလာစေရန် ရှင်းပြ ဆောင်ရွက်ထားမှုများ ပါဝင်သည်။ ထို့အပြင် အပြောင်းအလဲအတွက် ပဋိညာဉ် (၂၀၁၅)၊ မဟာ သဘောတူညီချက် (၂၀၁၆)နှင့် လူသားဆန်မှုအခွင့်အရေးအတွက်လုပ်ငန်းစဉ် (၂၀၁၆) နှင့် ၂၀၁၆တွင်ကျင်းပ သည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲ ဆွေးနွေးမှုများတွင် သိသာထင်ရှားသည့် အကြောင်းအရာများမှာ ဒေ ဒေသတွင်းနှင့် အမျိုးသားအဆင့် ပါဝင်ဆောင်ရွက်သူများ နှင့် မိတ်ဖက်ပြုမှုကို တိုးမြှင့်ရန်နှင့် ရန်ပုံငွေ တိုက်ရိုက်ချပေးထားမှုကို မြှင့်တင်ရန် ကတိကဝတ်များ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲ ကျင်းပပြီးစီးသည့် အချိန်မှစ၍ ရေခံမြေခံပြုမှုနှင့် သက်ဆိုင်သည့် အစီရင်ခံစာများ ရာနှင့်ချီ၍ ရေးသားခဲ့ကြသော်လည်း ရေခံမြေခံပြုမှုကို မိတ်ဖက်ပြုမှု အလေ့အကျင့်မှတစ်ဆင့် ဆောင်ရွက်မည့် အစီရင်ခံစာများ မှာ နည်းပါးလှသည်။ ထိုနည်းပါးသည့် အစီရင်ခံစာများသည် မိတ်ဖက်ပြုမှုပုံစံတစ်ခုကို ဆောင်ရွက်နိုင်မည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနှင့် လက်တွေ့ကျသော မိတ်ဖက်ပြုမှု အလေ့အကျင့် များ ဖြစ်သည်။ ဤသုတေသနသည် အခြေခံအားဖြင့် မိတ်ဖက်များကြားမှ ဆက်ဆံရေးထက် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်ပြုမှုတွင် ပါဝင်သည့် မိတ်ဖက်များ၏ ထပ်တိုးတန်ဖိုးထားမှု များ၊ ရင်းမြစ်များနှင့် စွမ်းဆောင်ရည်တို့ အပေါ် တွင် မူတည်သည်။ မိတ်ဖက်များအကြား ဆက်ဆံရေးနှင့် ပတ်သက်သည်များကို အစီရင်ခံစာများနှင့် ပတ်သက်သည့် လွတ်သွားသည့် အခွင့်အလမ်းများနှင့် ပတ်သက်သော

စာတမ်းအတွဲတွင် လေ့လာထားပြီး ဖြစ်သည်။ ထို့အတွက် ဤသုတေသနတွင် ရှာဖွေ ဖော်ထုတ်ထားသည့် သုတေသနဆိုင်ရာ အဓိက မေးခွန်းမှာ **"လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား ရေခံမြေခံပြုခြင်းကို တွန်းအားပေး လုပ်ဆောင်ရာတွင် အကျိုးရှိစေရန်၊ ရေရှည်တည်တံ့မှုရှိစေရန်နှင့် ထိရောက်မှုရှိစေရန် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား မိတ်ဖက်ပြုမှုနှင့် ပတ်သက်သည့် မည်သည့်လုပ်ငန်းဆောင်ရွက်မှုတို့ကို ပြုလုပ်သင့်သနည်း"** ဆိုသည့် မေးခွန်းဖြစ်သည်။

ဤသုတေသနကို မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ရေး အစီအစဉ်က ဦးစီးဦးဆောင် လုပ်ကိုင်ပြီး ပါဝင်မှု အစုအဖွဲ့တွင် ActionAid၊ CAFOD၊ CARE၊ ခရစ်ယာန်ကူညီ ထောက်ပံ့ရေးအဖွဲ့၊ Oxfam နှင့် Tearfund တို့ ပါဝင်သည်။ ရန်ပုံငွေ ထောက်ပံ့ပေးသည့် အဖွဲ့အစည်းမှာ ဥရောပကော်မရှင်အရပ်သားကာကွယ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီ ထောက်ပံ့မှုဌာန ဖြစ်ပြီး အချိန်ကာလမှာ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၂) နှစ်တာကာလ ဖြစ်သည်။

ဤသုတေသနကို ပြည်တွင်းသုတေသီများ ပါဝင်ပြီး အမျိုးသားအဆင့် ဦးဆောင်ကော်မတီများ နှင့် တောင်ဆူဒန်၊ နိုင်ဂျီးရီးယား၊ နီပေါ၊ မြန်မာ အစရှိသည့် နိုင်ငံလေးနိုင်ငံတွင် လက်ရှိလုပ်ကိုင်လျက် ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် လွတ်လပ်သောအတိုင်ပင်ခံအဖွဲ့ "ဘေးအန္တရာယ် စုပေါင်းစီမံခန့်ခွဲမှု အစည်းအရုံး" မှ ပြုလုပ်ခဲ့ပါသည်။ မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ရေး အစီအစဉ် စုဖွဲ့မှု အဖွဲ့ဝင်များသည် သီးခြားနိုင်ငံအလိုက် ပြုလုပ်ထား သည့် သုတေသန အစီရင်ခံစာများ မှတစ်ဆင့် ရှာဖွေတွေ့ရှိထားသည့် အကြံပေးချက်များကို စမ်းသပ်လုပ်ဆောင်ရာတွင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဤအစီရင်ခံစာသည် *မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ရေး အစီအစဉ်* - *မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ* (နိုဝင်ဘာ၊ ၂၀၁၈) တွင်ပါဝင်သည့် အဓိက ရှာဖွေတွေ့ရှိမှုများနှင့် အကြံပေးချက်များကို အကျဉ်းချုပ် ဖော်ပြထားခြင်းဖြစ်သည်။ သုတေသန အကြံပေးချက်များသည် ပါဝင်ဆောင်ရွက်သူ အားလုံးနီးပါးအတွက် ဆီလျော်မှုမရှိသည့်တိုင်အောင် အေဂျင်စီ အဖွဲ့အစည်းများ အတွက် လုပ်ငန်းဆောင်ရွက်မှုများတွင် စမ်းသပ်လုပ်ဆောင်မည့် အကြံပေးချက်များကို ဦးစားပေး ရှာဖွေဖော်ထုတ်စေနိုင်ရန် ကျယ်ပြန့်သည့် သက်သေသာဓကများ အပေါ်တွင် မူတည်၍ လုပ်ဆောင်ပေး သည်။ အနည်းဆုံးအားဖြင့် ရှာဖွေတွေ့ရှိမှုများနှင့် အကြံပေးချက်များကို မိတ်ဖက်များကြား စကားပိုင်းဆွေးနွေးချက်များ အနေနှင့် စတင်နိုင်မည်ဖြစ်သည်။

## ၁.၂ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ နယ်ပယ်တွင် ပါဝင်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ပတ်သက်၍ သုတေသီများ အနေဖြင့် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။

- ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် လူ့အဖွဲ့အစည်း အခြေပြု အဖွဲ့အစည်း - နိုင်ငံတစ်ခုအတွင်းရှိ နေရာတ စ်ခု သို့မဟုတ် လူ့အဖွဲ့အစည်း တစ်ခုထဲတွင် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်း
- အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် လူ့အဖွဲ့အစည်း အခြေပြု အဖွဲ့အစည်း - နိုင်ငံတစ်ပုမ်းလုံးတွင် လုပ်ငန်းဆောင်တာများ ဆောင်ရွက်သည်။
- ရေခံမြေခံပြုမှု - ဒေသတွင်းနှင့် အမျိုးသားအဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများကို ၎င်းတို့၏ တိုင်းပြည်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြင်ဆင်ဆောင်ရွက် ထားရှိမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ ဖြန့်ဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ခေါင်းဆောင်မှုပေးခြင်းတို့တွင် အရေးကြီးသော ကဏ္ဍမှ ပါဝင်လာစေရန် တွန်းအားပေးခြင်း
- မိတ်ဖက်ပြုမှု - နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများ (အထူးသဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ)နှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် လုပ်ရှားဆောင်ရွက်သူများ (အထူးသဖြင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ) ကြားက ဆက်ဆံရေးဖြစ်ပြီး ထိုအထဲတွင် နိုင်ငံတကာမှ လုပ်ရှားဆောင်ရွက်မှုများအနေဖြင့် လူသားချင်း စာနာထောက် ထားမှုဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုတို့ကို ပုံဖံ့ဒီဇိုင်းချ၍ လက်တွေ့ အကောင်အထည်ဖော်လာနိုင်စေရန် ဒေသတွင်းနှင့် အမျိုးသားအဆင့် မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။

ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဟူသော အသုံးအနှုန်းကို အစီရင်ခံစာတစ်ခုလုံးတွင် အသုံးပြုထားသည်မှာ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် လူ့အဖွဲ့အစည်း အခြေပြု အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည့် သုတေသန ပါဝင်ဆောင်ရွက်ခဲ့သူများ၏ အသံများကို ထင်ဟပ် နေစေရန် ဖြစ်သည်။ ဒေသ တွင်းနှင့် အမျိုးသားအဆင့် လုပ်ရှားဆောင်ရွက်သူများ၏ ပြောကြားချက်များ အကြားတွင် ကွဲလွဲမှုများ ပေါ်ပေါက်လာလျှင် ၎င်းတို့ကို ဦးစားပေး ဆွေးနွေးလေ့ရှိသည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းဟူသော အသုံးအနှုန်းများကို အစီရင်ခံစာတစ်ခုလုံးတွင် သုံးထားသည်မှာ ထိုအဖွဲ့အစည်းများမှတစ်ဆင့်

သုတေသနလုပ်ကိုင်ဆောင်ရွက်သူများ၏ အသံကို ထင်ဟပ်နေစေရန်ဖြစ်ပြီး ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေ ဖြင့် ၎င်းတို့နှင့် ပတ်သက်၍ မည်ကဲ့သို့ ပြောဆိုကြသည်ဆိုသည့် အပေါ်တွင်လည်း ထင်ဟပ်မှုရှိသည်။ များစွာသော ကိစ္စရပ်များတွင် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်း နှင့် အခြားသော အလှူရှင်နှင့် ရန်ပုံငွေ ထောက်ပံ့ရေး အဖွဲ့အစည်းများကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အဖြစ် မှတ်ယူကြသည်။ ထို့အတွက် နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းနှင့် နိုင်ငံတကာ အေဂျင်စီအဖွဲ့ အစရှိသည့် စကားလုံးတို့ကို အလဲအလှယ်ပြုကာ အသုံးပြုထားပြီး မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့် ဥပမာများနှင့် အကြံပေးချက် များသည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့၊ လခြမ်းပုံအဖွဲ့နှင့် ကုလသမဂ္ဂအေဂျင်စီ အဖွဲ့များအတွက် သင့်လျော်သည်။



## သုတေသနနည်းနာ


ဤသုတေသနကို အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ သုတေသနနည်းနာများ (၂)မျိုးပေါင်းစပ် ပြုလုပ်ထားသည်။ အရည်အသွေးဆိုင်ရာ နည်းနာတွင် စနစ်ကျသော စာပေသုံးသပ်မှု၊ အုပ်စုလိုက် ဆွေးနွေးမှုနှင့် သတင်းအချက်အလက်ပေးသူများနှင့် အမေးအဖြေ ပြုလုပ်မှုတို့ ပါဝင်ပြီး အရေအတွက်ဆိုင်ရာ နည်းနာတွင် စစ်တမ်းကောက်ယူမှုများ ပါဝင်သည်။ ခွဲခြမ်းစိတ်ဖြာသည့် အဆင့်တွင်မူ ဥပမာများ၏ ရင်းမြစ်များအားလုံးကို တစ်နေရာထဲတွင် စုမိမည့် လမ်းကြောင်းများနှင့် တစ်နေရာမှ ဖြာထွက်မည့် လမ်းကြောင်းများကို မှတ်တမ်းတင် ရှာဖွေနိုင်စေရန် တိုင်းတာတွက်ချက်မှု များ ပြုလုပ်သည်။

ဤသုတေသနကို ဦးဆောင်လမ်းပြရန်အတွက် ခွဲခြမ်းစိတ်ဖြာမှုနှင့်ပတ်သက်သည့် မူဘောင်တစ်ခုကို ရေးဆွဲခဲ့ပြီး ၎င်းမူဘောင်ကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် လုပ်ငန်းဆိုင်ရာ စံပြပုံစံအနေနှင့် သတ်မှတ်ထားခြင်း ဖြစ်သည်။ ဤမူဘောင်သည် သုတေသန၏ နယ်ပယ်ကို လမ်းညွှန်ချက်ပေးနေသည့် အခြေခံ အုတ်မြစ်တစ်ခု ဖြစ်နေပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းဆိုင်ရာ စံပြပုံစံကို အထောက် အပံ့ပြုနေသည့် အရာများပါဝင်နေသည်။ ဆိုလိုသည်မှာ အေဂျင်စီ အဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် ရင်းမြစ်များ၊ တန်ဖိုးထားမှုများနှင့် အခြေခံမူဝါဒများ၊ ၎င်းတို့၏ ထူးခြားသော သီးခြားအမှတ်လက္ခဏာ (ထပ်လောင်းပေါင်းဆင့် တန်ဖိုးထားမှု) နှင့် ပြင်ပမှ လွှမ်းမိုးနိုင်သော အချက်တို့ ပါဝင်သည်။ ကွဲပြားခြားနားသည့် သုတေသန နည်းနာများက ဤမူဘောင်ကို ကိုးကားထားပြီး ဆုံမှတ်တစ်ခု ရှာနိုင်မည့် ရည်ညွှန်းမှုနှင့် သုတေသနအတွက် ရှာဖွေတွေ့ရှိချက် များကို တွက်ချက်တိုင်းတာမှုတို့ကို ခွင့်ပြုထားသည်။

## ၂.၁ သုတေသနပြုလုပ်မည့် နေရာများ

မြန်မာနိုင်ငံတွင် ပြုလုပ်မည့် သုတေသန၏ အစိတ်အပိုင်း တစ်ခုအဖြစ် အတွင်းကျ သည့် ဆွေးနွေးတိုင်ပင်မှုများကို နောက်ခံအကြောင်းအရာ ကွဲပြားသည့် နေရာဒေသ (၃)ခုတွင် ပြုလုပ် ဆောင်ရွက်ခဲ့ပြီး သုတေသန ပုံစံရေးဆွဲမှုအဆင့်တွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင် ဖော်ထုတ်ထားသည်။ နေရာရွေးချယ်မှုကို အမျိုးသား သုတေသန အဖွဲ့နှင့် အစီအစဉ်ဆောင်ရွက်သူတို့ကြား ပူးပေါင်းဆောင်ရွက် လုပ်ဆောင်ကြပြီး အတည်ပြုခြင်းကို သုတေသနအကြံပေးအဖွဲ့က ဆောင်ရွက်သည်။ စံနမူနာထား လေ့လာမှုဖြစ်စဉ် တစ်ခုလုံး၏ ဦးတည်ချက်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်း အမျိုးအစားများ ၏ အသွင်ကွဲပြားမှု (လူသားကြောင့် သို့မဟုတ် သဘာဝကြောင့်)၊ လူသားချင်း

စာနာထောက်ထားမှုဆိုင် ရာ လုပ်ရှားဆောင်ရွက်မှုများ၏ အခြေအနေအဆင့်များ (ဥပမာ - တုံ့ပြန်ဆောင်ရွက်မှု၊ ကြိုတင်ပြင်ဆင် မှုနှင့် ပြန်လည်ဖော်ဆောင်မှု) နှင့် မြို့ပြနှင့် ဝေးလံခေါင်းပါးသော ဒေသများကြားမှ ကွာခြားချက်ကို သိရှိလေ့လာ မှတ်တမ်းတင်နိုင်ရန် ဖြစ်သည်။




## ၂.၂ အရေအတွက်ဆိုင်ရာ နည်းနာ - စစ်တမ်း

ပါဝင်ဆောင်ရွက်သူများ (ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ သို့မဟုတ် အစိုးရမိတ်ဖက်များနှင့် အလှူရှင်များ) ကို စစ်တမ်းစာရွက်များ ဖြည့်ခိုင်းသည်။ စစ်တမ်းကို ကိုဘို နည်းလမ်းပေါ်တွင် အခြေခံထားပြီး မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း အစီအစဉ်အတွက် အခြေခံကျသော စစ်တမ်းတစ်ခုဖြစ်သည်။ စာတမ်းသည် အင်တာနက်ဖြင့်သော်လည်းကောင်း၊ စာရွက်များအနေဖြင့် သော်လည်း မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရရှိနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် စစ်တမ်းကောက်ယူသည့် နေရာများတွင် အင်တာနက်ရရှိနိုင်မှုနှုန်း နည်းပါးပြီး စာရွက်ဖြင့် ကောက်ယူသည့် စစ်တမ်းတို့သည် သတင်းအချက်အလက် ပျံ့နှံ့စေရန် ပိုမိုလွယ်ကူစေသော ကြောင့် ဖြစ်သည်။ ထိုစစ်တမ်းကို ဖြေကြားခဲ့သူပေါင်း ၄၇ ယောက်ရှိပြီး ဖြေဆိုသူများ၏ ၇၇%(၃၆ယောက်)သည် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဖြစ်သည်။

## ၂.၃ အရည်အသွေးဆိုင်ရာ နည်းနာ - အတွင်းကျ ဆွေးနွေးတိုင်ပင်မှု

အကြောင်းတရား တစ်ခုချင်းစီတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ စုစုပေါင်း (၁၀) နှင့် (၂၀) ကြား ဖိတ်ခေါ်ပြီး အုပ်စုလိုက် တွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်စေရန် ဖိတ်ခေါ်ပြီး စုစုပေါင်း (၃) ဖွဲ့က မြေပုံပေါ်တွင် ချပြထားသည့် နေရာများတွင် ဆောင်ရွက်ကြသည်။ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထဲမှ စံနာမူနာထားမည့် အစုအဖွဲ့ကို အသွင်ကွဲပြားစေရေးအတွက် ရွေးချယ်ရမည်။ ထိုသို့ရွေးချယ်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများတွင် အခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုလုပ်ကိုင်ဖူးသည့် အတွေ့အကြုံမရှိသော အဖွဲ့အစည်း အနည်းဆုံး တစ်ဖွဲ့စီ ပါဝင်ရမည့်အပြင် အမျိုးသမီး ဦးဆောင်သည့် အဖွဲ့လည်း အနည်းဆုံး တစ်ဖွဲ့ပါဝင်ရမည်။ ထို့အပြင် သီးခြားဖယ်ထုတ်ခံ အုပ်စုများ (မသန်စွမ်းသူများ၊ ဇာတ်နိမ့်များ၊ လူနည်းစုတိုင်းရင်းသားများ) အတွက် သီးခြားကူညီဆောင်ရွက်ပေးသည့် အဖွဲ့အစည်း များအပြင် ကွဲပြားခြားနားသည့် ချိတ်ဆက်မှုများ၊ စုဖွဲ့မှုများ ရှိသည့် အဖွဲ့အစည်းများလည်း ပါဝင်သည်။ အုပ်စုလိုက် တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်ရန် ဖိတ်ကြားခံရသည့် အချို့သော ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန် မြှင့်တင်ခြင်း အစီအစဉ် စုပေါင်းမှုတွင် ပါဝင်ဖူးသည့် အတွေ့အကြုံရှိသော၊ အချို့မှာ ပါဝင်လျက်ရှိသည့် အဖွဲ့အစည်းများ ဖြစ်ကြသော်လည်း အနည်းစုသာ ဖြစ်ကြသည်။ ထို့ကြောင့် သုတေသနရှာဖွေတွေ့ရှိမှု များသည် စုဖွဲ့မှုအဖွဲ့ဝင်များနှင့် ၎င်းတို့ မိတ်ဖက်များ၏ မိတ်ဖက်ပြုမှု အရည်အသွေးဆိုင်ရာ တိုက်ရိုက် ထင်ဟပ်မှုတစ်ခု မဟုတ်ပါ။

နောက်ခံအကြောင်းအရာတစ်ခုချင်းစီမှ အုပ်စုလိုက်ဆွေးနွေး ညှိနှိုင်းမှုများအရ အဓိက သတင်းအချက်အလက်ရရှိရေး အမေးအဖြေကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် ပါဝင်ဆောင်ရွက်သူ အုပ်စု တစ်ခု ဖွဲ့ရမည် ဖြစ်ပြီး စုစုပေါင်း (၁၂)ယောက်က မြန်မာနိုင်ငံတွင် လှုပ်ရှားဆောင်ရွက်ရမည် ဖြစ်သည်။ ထိုစုဖွဲ့မှုတွင် မတူကွဲပြားသည့် အဖွဲ့အစည်းများဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး ၎င်းမှာ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း (၂) ခုမှ ဖြစ်သည်။ ထိုအဖွဲ့ အစည်းများသည် ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် လှုပ်ရှားဆောင်ရွက်မှု၊ မိတ်ဖက်ပြုမှုတို့ကို ပြည်တွင်းအစိုးရကိုယ်စားလှယ် (၂)ယောက်နှင့် ကုလသမဂ္ဂကိုယ်စားလှယ် (၂) ယောက်တို့အား အစီရင်ခံရသည်။ ထို့အပြင် အမေးအဖြေ ပြုလုပ်ခံရသော ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အလှူရှင်နှင့် မိတ်ဖက်ဆိုင်ရာ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အမေးအဖြေအတွက် ဆက်သွယ်ဆောင်ရွက်သော်လည်း တုန့်ပြန်ဆောင်ရွက်မှု အများစုသည် အမေးအဖြေကဏ္ဍတွင် ပါဝင်ခြင်းထက် စစ်တမ်းကို ဖြေဆိုလေ့ရှိကြသည်။

အုပ်စုလိုက် တွေ့ဆုံဆွေးနွေးမှုများနှင့် အမေးအဖြေကဏ္ဍတွင် ပါဝင်ဆောင်ရွက်သည့် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း (၄၄)ခုရှိပြီး (၇)ခုမှာ အမျိုးသမီး ဦးဆောင်သည့် အဖွဲ့အစည်းနှင့် ပြည်နယ်အစိုးရဦးဆောင်သည့် အဖွဲ့တစ်ခုနှင့် ကုလသမဂ္ဂ အေဂျင်စီ အဖွဲ့တစ်ခုတို့ ပါဝင်သည်။

## ၂.၄ သုတေသန ကျိုးကြောင်းညီညွတ်ကြောင်း ပြသခြင်း

သုတေသနရလာဒ်များကို မှန်ကန်ညီညွတ်ကြောင်းပြသသည့် ဖြစ်စဉ်ကို အသုံးပြုပြီး အတည်ပြုသည်။ သုတေသန မှန်ကန်၍ ကျိုးကြောင်းညီညွတ်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပ်ဝန်းတွင်းမှ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်ခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သုတေသနရှာဖွေတွေ့ရှိမှုများနှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြပြီး တိကျသေချာမှုကို အာမခံပေးမည့် စစ်ဆေးမှုများ၊ အကြံပေးတုန့်ပြန်မှုများ ပါဝင်သည်။ ထို့အပြင် ကနဦးအဆင့် ရှာဖွေတွေ့ရှိချက်များနှင့် အကြံပေးချက်များသည် လက်တွေ့ ပကတိတရားကို လျစ်ဟပြသနိုင်ရန်အတွက်လည်း အတည်ပြုခဲ့ကြသည်။ အခြားသော သုတေသနဆိုင်ရာ မှန်ကန်ညီညွတ်မှုတို့ကို မြန်မာနိုင်ငံတွင်း ကနဦး ရှာဖွေတွေ့ရှိမှုများအား အစည်းအဝေးများ၊ အီးမေးလ်များမှ တစ်ဆင့် ဆက်သွယ်လုပ်ဆောင်ကြပြီး ၄င်းသည် သုတေသနတွင် ပါဝင်သည့် သူများကို ကျော်လွှန်ရောက်ရှိနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်း (၄၄)ဖွဲ့ (၈ဖွဲ့မှာ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း)မှ ကိုယ်စားလှယ် စုစုပေါင်း(၄၅) ယောက်တို့နှင့် အလှူရှင် အစုအဖွဲ့များသည် ဤဖြစ်စဉ်တွင် ပါဝင်ကြသည်။

ဤသုတေသနတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း (၉၈)ဖွဲ့ ပါဝင်ခဲ့ကြပြီး ၄င်းတို့၏ (၈၆)ရာခိုင်နှုန်းမှာ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည်။

## ၂.၅ သုတေသနဆိုင်ရာ ကန့်သတ်မှုများ

ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဦးတည်၍ လုပ်ဆောင်သော ဤသုတေသနတွင် ဘက်ပေါင်းစုံမှ အသံများ ပါဝင်သော်လည်း လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် အဓိက ပါဝင်သင့် ပါဝင်ထိုက်သူများဖြစ်သည့် ဘဏ္ဍာရေးဆိုင် ရာ၊ အစိုးရနှင့် ကုလသမဂ္ဂဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍကိုမူ ဤသုတေသနတွင် ဖော်ပြမှုနည်းပါးသည်။ သို့သော် ဤသုတေသနသည် အဓိကအားဖြင့် ပါဝင်သင့် ပါဝင်ထိုက်သူများ၏ ကဏ္ဍကို ဦးတည်ထားပြီး

ဤအကြောင်းအရာနှင့် ဆက်စပ်သော အကြံပေးချက်များနှင့် ရှာဖွေတွေ့ရှိချက်များကို တွေ့ဆုံဆွေးနွေးမှုများတွင် တွေ့နိုင်သည်။

သုတေသနက ရင်ဆိုင်နေရသည့် အခြားသော စိန်ခေါ်မှုများမှာ အင်တာနက်ချိတ်ဆက် နိုင်မှု အားနည်းသည့် ရပ်ဝန်း၊ ဘာသာပြန်မှုဆိုင်ရာ အခက်အခဲနှင့် ကိုဘိုဟုခေါ်သည့် ချဉ်းကပ်မှုနည်းလမ်း တည်ဆောက်ခြင်းဆိုင်ရာ အခက်အခဲတို့ ဖြစ်သည်။ ကိုဘိုဟုခေါ်သည့် နည်းလမ်းသည် ကိန်းဂဏန်းအချက်အလက်များ စုဆောင်းရာတွင် အားကောင်းမြန်ဆန်တိကျသော ကိရိယာဖြစ်သည်ီ အတွက် ဝေးလံခေါင်ပါးသော ဒေသများအတွက် ကိန်းဂဏန်းအချက်အလက်များ ရရှိရန် ခက်ခဲသည်။ ထို့ပြင် ဤသုတေသနသည် ကိန်းဂဏန်းအချက်အလက်များအရ သိသာထင်ရှားသည့် အချက်အလက်များကို အဖွဲ့အစည်းများ သိသာလာစေရန် အဓိကထား လုပ်ဆောင်ခဲ့သည် မဟုတ်ပါ။ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသည့် အဖွဲ့အစည်းပေါင်း ထောင်နှင့်ချီ၍ ရှိနေသည့်အတွက် စံနမူနာယူတွက်ချက်သည့် နည်းလမ်းသည် အချက်အလက်များကို အဖွဲ့အစည်းကိုယ်စားလှယ်များထံ ရောက်ရှိဖို့ရန် ရည်ရွယ်ပြီး စံနမူနာယူတွက်ချက်မှုများကို ကိန်းဂဏန်းများကို ခန့်မှန်းတွက်ချက်ခြင်းနှင့် ယေဘုယျပြုခြင်းများကို ခွင့်ပြုပေးထားသည်။

အထက်ဖော်ပြပါ စိန်ခေါ်မှုများ ရှိနေသော်လည်း မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ အထူးသဖြင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ အသံနှင့် အတွေ့အကြုံတို့ကို ဖော်ထုတ်ပြသရာတွင် ဤသုတေသနသည် အောင်မြင်မှု ရရှိကြောင်း တွေ့ ရသည်။ ပုံမှန်အားဖြင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အသံကို ကြားရလေ့မရှိပေ။ ဤသုတေသနက မိတ်ဖက်ပြုမှုနှင့် ပတ်သက်သည့် အတွင်းကျကျ သိမြင်မှု တစ်ခုကို ဖန်တီးပေးခဲ့သည့်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ အားရေခံမြေခံပြုမှုကို အရှိန်မြှင့်တင်နိုင်စေရန် မဟာဗျူဟာများ ပူးပေါင်းဖန်တီးခြင်းနှင့် ပုံစံရေးဆွဲမှုတို့ တွင် ပါဝင်မည့် ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဝေးကိုပါ ကူညီပေးနေသည်။

## ရှာဖွေတွေ့ရှိမှုများ

### ၃.၁ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခြေအနေ

**မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခြေအနေသည် အဘယ်နည်း။**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ စီမံခန့်ခွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်း၌ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စနစ်တစ်ခုလုံးက မည်မျှအထိ မြှင့်တင်ဆောင်ရွက် ပေးသနည်းဆိုသည့် မေးခွန်းနှင့် ပတ်သက်ပြီး ဖြေဆိုသူအများစု၏ တုန့်ပြန်မှုမှာ ကောင်းသည် ဆိုးသည် ဟူသော အဖြေများထက် အသင့်အတင့်ဆို သည့် အဖြေက ပိုများသည်။ ဖြေဆိုသူများ ယုံကြည်သည့် ကျန်အချက်တစ်ခုမှာ ၄င်းတို့၏ အဖွဲ့အစည်း များအနေနှင့် အဆုံးအဖြတ်ဖြစ်ခြင်း ဖြစ်စဉ်များတွင် အလှူရှင်များနှင့် ကုလသမဂ္ဂ အေဂျင်စီအဖွဲ့များနှင့် နှိုင်းစာလျှင် နည်းပါးလှပေသည်။

ဖြေဆိုသူ အများစုအတွက် ရေခံမြေခံပြုမှု ဟူသော စကားလုံးသည် ရှင်းပြရန် မလွယ်ကူပေ။ စိတ်ဝင်စားဖွယ်ကောင်းသော အချက်မှာ အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုများတွင် ပါဝင်ဆောင်ရွက်သူ အများစုအနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များတွင် ပြည်တွင်းမှ ပါဝင်လှုပ်ရှားသူများ ပါဝင်ဆောင်ရွက်မှုသည် ရေခံမြေခံပြုမှု ဖြစ်ကြောင်း ညွှန်းဆိုခဲ့ကြခြင်း ဖြစ်သည်။

### ၃.၂ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများအကြား မိတ်ဖက်ပြုမှု

**မြန်မာနိုင်ငံတွင်း ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကြား မိတ်ဖက်ပြုမှုများ၏ အရည်အသွေး**

မြန်မာနိုင်ငံတွင် စစ်တမ်းဖြေဆိုသူ အများစုသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် အခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ကိုင်သည့် အတွေ့အကြုံရှိပြီး ရာခိုင်နှုန်းအားဖြင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ၅၆%နှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ၉၁% ဖြစ်သည်။ ၄င်းတို့ ကြုံတွေ့ဖူးသည့် မိတ်ဖက်ပြုမှုဆိုင်ရာ အတွေ့အကြုံများကို မေးမြန်းစုံစမ်းရာတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အဖြေသည် ပို၍ အခြေကျပေသည်။ ပြန်လည်ဖြေဆိုသူများ၏

အဖြေများကို ခြုံငုံမိလျှင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရေးအတွက် မိတ်ဖက်ပြုမှုသည် အခြေခံကျပြီး အရေးပါကြောင်း ဖော်ပြကြသည်။ မြန်မာနိုင်ငံမှ ဖြေဆိုသူအများစုသည် ရေခံမြေခံပြုမှုအ တွက် မိတ်ဖက်ပြုမှုသည် ကောင်းမွန်သော နည်းလမ်းတစ်ခုဟု ရှုမြင်ကြသောလည်း ၃၂% ခန့်မှာ အခြားသော နည်းလမ်းများ ရှိသေးကြောင်း ယုံကြည်လျက်ရှိကြသည်။ ထိုသို့ယုံကြည်ကြ သူများက စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု ရှိအောင်ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများအား တိုက်ရိုက်ပေးအပ်ခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်းအားဖြင့် သင်ယူလေ့လာမှုတို့သည် အကောင်းဆုံးသော လမ်းကြောင်းများ ဖြ ဖြစ်ကြောင်း ယုံကြည်ကြသည်။

## ၃.၃ အဓိက စွမ်းဆောင်နိုင်မှုများနှင့် ရင်းမြစ်များ

### မိတ်ဖက်ပြုမှုအတွက် အရေးကြီးဆုံးသော အဓိက စွမ်းဆောင်ရည်သည် အဘယ်နည်း။

စစ်တမ်းဖြေဆိုသူများကို မိတ်ဖက်ပြုမှု၏ အရည်အသွေးအပေါ်ကို သိသိသာသာ လွှမ်း မိုးနိုင်စွမ်းရှိသည့် အဓိက စွမ်းဆောင်ရည်များကို ရှာဖွေဖော်ထုတ်ရန် မေ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အရည်အသွေးဆိုင်ရာ သုတေသနနည်းနာတွင် အသုံးပြုသည့် ဆွေးနွေးတိုင်ပင်မှုကို ရလာဒ်များ ထုတ်ပြန်ရန်အသုံးပြုခဲ့ပြီး အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုများတွင် ပါဝင်ဆောင်ရွက်သူများ အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများကို ရေခံမြေခံပြုမှုတွင် အနည်းဆုံး နှင့် အများဆုံး ဖြစ်ထွန်းစေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့် ဥပမာများကို ထုတ်ဖော်ပြောဆို ဆွေးနွေး ခိုင်းထားပေသည်။

မြန်မာနိုင်ငံတွင် ရေခံမြေခံပြုမှုကို မိတ်ဖက်များအားဖြင့် ဆောင်ရွက်ရာတွင် ထိရောက် မှုရှိစေရန် အရေးကြီးသည့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် စုစုပေါင်း (၇)ခုမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

(၂) စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံမှုနှင့် သင်ယူလေ့လာခြင်း

(၃) စီမံကိန်း ပုံစံဒီဇိုင်း၊ စီစဉ်ချထားမှုနှင့် စီမံခန့်ခွဲမှု

(၄) ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံမှု

(၅) ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(၆) လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု

အောက်ဖော်ပြပါ အခန်းများတွင် အထက်ဖော်ပြပါ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် (၇)မျိုးနှင့် ပတ်သက်၍ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သုတေသန ပါဝင်ဆောင်ရွက်သူများက ရေခံမြေခံပြုမှုကို ဆောင်ရွက်ရာတွင် အနည်းဆုံးနှင့် အများဆုံး ဖြစ်ထွန်းစေမည့် မိတ်ဖက်ပြုမှု အလေ့အကျင့်များကို အသေးစိတ်ဖော်ပြထားပေသည်။ များစွာသော အလေ့အကျင့်များသည် ဖော်ပြပါ စွမ်းဆောင်ရည်များနှင့် ကိုက်ညီမှု ရှိပေသည်။ အချို့သော အလေ့အကျင့်များသည် ဆန့်ကျင်လျက်ရှိပေသည်။ ဥပမာအားဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက စီမံကိန်း ရေးဆွဲပြီး ၎င်းတို့၏ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို လုပ်ဆောင်အကောင်အထည်ဖော်ခိုင်းသော အလေ့အကျင့်နှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက စီမံကိန်းရေးဆွဲမှုတို့ ဖြစ်သည်။ သို့သော် လည်း ဤအရာက ထင်ဟပ်ပြသနေသည်မှာ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် အမျိုးအစားတူညီသော အဖွဲ့အစည်းများ မဟုတ်ဘဲ ကွဲပြားခြားနား သော အတွေ့အကြုံနှင့် စွမ်းဆောင်ရည်များ ရှိကြသည်။

## စွမ်းဆောင်ရည် တည်ဆောက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင်က အစိုးရမဟုတ်သော အဖွဲ့အစည်းများ ယူဆသည်မှာ ရေခံမြေခံပြုမှုအတွက် မိတ်ဖက်ပြုမှုကို တွန်းအားပေးရာတွင် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် လုပ်ဆောင်နိုင်မည့် အရာများမှာ စွမ်းဆောင်ရည် တည်ဆောက်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်သည်။ အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုများအရ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ ပါဝင်ဆောင်ရွက်ရာနေရာများတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကနဦးအဆင့်ကို အမှန်တကယ် တန်ဖိုးထားကြသည်။ ၎င်းတို့အနေဖြင့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှု နယ်ပယ်အားလုံးတွင် လျင်မြန်စွာ တိုးတက်ပြောင်းလဲလိုကြသည်။ မြန်မာနိုင်ငံတွင် ရှိသော သင်တန်းများက အဓိက မေးခွန်း(၂)ခုကို ဖြစ်ပေါ်လာစေသည်။ ပထမမေးခွန်း မှာ သင်တန်းပေးခြင်းထက် အခြားသော မည်သည့်နည်းလမ်းများက နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် ပတ်သက်သည့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို လုပ်ဆောင်ပေးနိုင်သနည်း ဆိုသည့် မေးခွန်းဖြစ်သည် (ဥပမာအားဖြင့် ကြီးကြပ်ပေးခြင်း၊ တွဲဖက်လုပ်ဆောင်ပေးခြင်း၊ အလုပ် မှတစ်ဆင့် သင်တန်းပေးခြင်းနှင့် အလုပ်လုပ်ဆောင်ရင်း သင်ယူခြင်းတို့ဖြစ်သည်)။ ဒုတိယမေးခွန်းတစ်ခုမှာ နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ မိတ်ဖက်များ၏ စွမ်းဆောင်ရည်ကြံ့ခိုင်အောင် ဆောင်ရွက်ခြင်း နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ

တုံ့ပြန်ဆောင်ရွက်မှုများအတွက် လိုအပ်သော မှန်ကန် သော စွမ်းဆောင်ရည်များ ခိုင်မာလာစေရန် မည်သည့်အရာများ လုပ်ဆောင်ရန် လိုအပ်သနည်း ဆို သည့် မေးခွန်းဖြစ်သည်။

| **ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** | **ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** |
|---|---|
| (၁) လူ့စွမ်းအား အရင်းအမြစ်များ၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ပစ္စည်းသယ်ယူ ပို့ဆောင်ရေး၊ လိုအပ်သော ပစ္စည်းများ ရရှိရေး တို့အတွက် ဆောင်ရွက်မှုများနှင့် မူဂါဒနှင့် လုပ်ငန်းဆောင်တာ ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် သင်တန်းပေးခြင်း၊<br>(၂) မည်သည့် သင်တန်းအမျိုးအစားလိုအပ်သည် ဆိုသည့် အချက်ပေါ်မူတည်၍ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်းများကြား ဆွေးနွေးတိုင်ပင်ခြင်း<br>(၃) မူဂါဒများ၊ တရားဝင် မှတ်ပုံတင်ခြင်းနှင့် အခြားသော အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးစားပေးမှုများအတွက် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အထောက်အပံ့ပေးခြင်း<br>(၄) မူဂါဒပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို သင်တန်းပေးခြင်းနှင့် တပြိုင်နက် ဆောင်ရွက်ခြင်း၊ ရလာဒ်အနေနှင့် မူဂါဒကြမ်းသည် သင်တန်းပေးမှု၏ နောက်ဆက်တွဲအနေနှင့် ထွက်ပေါ်လာခြင်း<br>(၅) အကြံပေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် သင်တန်း ပေးခြင်း<br>(၆) သင်တန်းပေးမည့် ခေါင်းစဉ်ထဲတွင် | (၁) ရန်ပုံငွေ ထောက်ပံ့မှု ရပ်တန့်သွားသည့် အချိန်တွင် စွမ်းဆောင်ရည် တည်ဆောက်မှု လုပ်ငန်းများ ရပ်တန့်သွားခြင်း<br>(၂) စွမ်းဆောင်ရည် တည်ဆောက်မှုနှင့် ဆက်စပ်၍ ဘဏ္ဍာငွေများနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ဒေသတွင်း နှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထိန်းချုပ်ပါဝင် ဆောင်ရွက်နိုင်မှု ကင်းမဲ့ခြင်း<br>(၃) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် သင်တန်းခေါင်းစဉ်များနှင့် ပတ်သက် ၍ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကသာ ရွေးချယ်ခြင်း<br>(၄) စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့သည် လတ်တလော စီမံကိန်း တစ်ခုအတွက်သာ ဖြစ်နေပြီး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် အဖွဲ့ အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ အပေါ်တွင် အခြေမခံ ထား ခြင်း<br>(၅) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများအား သင်တန်းတက်ရာတွင် အခကြေးငွေဖြင့် တက်ခိုင်းစေခြင်း<br>(၆) ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များတွင် စဉ်ဆက်မပြတ် |

| | |
|---|---|
| သဘာဝဘေးအန္တ ရာယ်လျှော့ချရေး အစီအစဉ်များ ထည့်သွင်းခြင်း<br>(၇) သင်တန်းပေးခြင်းတွင် မိတ်ဖက်ပြုမှုများ ထည့်သွင်း လုပ်ဆောင်ခြင်း<br>(၈) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် အကဲဖြတ်မှုကို လုပ်ဆောင်ခြင်းနှင့် အဆိုပါ အကဲဖြတ်မှု အပေါ် တွင် မူတည်၍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ချထား ဆောင်ရွက်ခြင်း<br>(၉) တူညီသော လုပ်ငန်းဆောင်တာများ လုပ်ကိုင်နေသည့် နိုင်ငံများမှ အတွေ့အကြုံများကို နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်းများမှ မျှဝေခြင်းနှင့် အသုံးချခြင်း<br>(၁၀) သင့်လျော်သော ဖိုရမ်များနှင့် စုပေါင်းလေ့လာသင်ယူမှု ဆိုင်ရာ ပွဲများသို့ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများကို ဖိတ်ခေါ်ခြင်း<br>(၁၁) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ စွမ်းဆောင်ရည်များကို တဖြည်းဖြည်း တည် ဆောက်နေစဉ်တွင် စိတ်ရှည်သည်းခံပေးခြင်း<br>(၁၂) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် အပြုသဘောဆန်သည့် အကြံပေး ချက်များကို ထောက်ပံ့ကူညီပေးခြင်း | ဖွံ့ဖြိုး တိုးတက်စေရန် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဂင်ငွေများ ပေးအပ် နိုင်မည့် အစီအစဉ်များကို အားပေးအားမြှောက်ပြုမှု နည်းပါး ခြင်းတို့ ဖြစ်သည်။ |

## စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ တာဝန်ခံမှုနှင့် သင်ယူလေ့လာခြင်း

| ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ | ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ |
|---|---|
| (၁) စီမံကိန်းဆိုင်ရာ မှတ်ကျောက်တိုင်များအဖြစ် ကနဦး ခြေလှမ်းအစ ရွေးချယ်မှုတို့ကို ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို လုပ်ဆောင်စေပြီးမှ ကျန်သော အရာများကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း<br>(၂) ဖြည့်စွက်ခြင်းဆိုင်ရာ နှင့် အနီးကပ် စောင့်ကြည့်လေ့လာမှု များကို နိုင်ငံတကာ မိတ်ဖက်များ (အလှူရှင်များနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ) က ဆောင်ရွက် လေ့လာစေခြင်း။ ထိုမိတ်ဖက်များကို အစီအစဉ် များ လက်တွေ့လုပ်ဆောင်နေသည့် ကွင်းပြင် အခြေအနေများ ကို ကွင်းဆင်းလေ့လာစေခြင်း၊<br>(၃) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများက မျှဝေထားသည့် စောင့်ကြည့်လေ့လာရေးဆိုင် ရာ ရလာဒ်များကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၏ တုံ့ပြန်ဆောင်ရွက်ခြင်း မြန်ဆန်မှု<br>(၄) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများက ထိခိုက်မှုများနှင့် ပျောက်ဆုံးသွားသော ကိန်း ဂဏန်း အချက်အလက်များနှင့် ဆက်စပ်လိုအပ်ချက်များကို အစိုးရထံ တင်ပြခြင်း | (၁) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ မပါဘဲ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အလှူရှင်များ အနေဖြင့် ကိန်းဂဏန်း အချက်အလက်များ သွားရောက် ကောက်ယူခြင်း<br>(၂) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ဆွေးနွေးညှိနှိုင်းခြင်း မပြုထားသော စောင့်ကြည့်လေ့လာမှုဆိုင်ရာ သွားရောက်လေ့လာမှုများ အတွက် ကြိုတင်သတ်မှတ်ထားသည့် စံချိန်စံညွှန်းများကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်ခြင်း<br>(၃) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့ မလုပ်ဆောင်ဘဲ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက စောင့်ကြည့်လေ့လာရေးဆိုင်ရာ အစီရင်ခံစာများ ထုတ်ခြင်း |

## စီမံကိန်းရေးဆွဲခြင်း၊ အစီအစဉ်ချထားခြင်းနှင့် စီမံခန့်ခွဲခြင်း

| **ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** | **ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** |
|---|---|
| (၁) မိတ်ဖက်များ၊ အလှူရှင်များနှင့် အချိတ်အဆက်ပြုခြင်း မလုပ်ဆောင်မီ ရည်ရွယ်ထားသော လုပ်ငန်းဆောင်တာများနှင့် ဘတ်ဂျက်များအကြောင်း ဒေ ဒေသတွင်း ကော်မတီများ၊ အုပ်စုများနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများအကြား ဆွေးနွေးတိုင်ပင်ခြင်း<br>(၂) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနှင့် စီမံကိန်းရေးဆွဲရာတွင် ပါဝင်မည့် လိုအပ်ချက် အကဲဖြတ်မှုများ ကို ဆောင်ရွက်ရန် ဒေ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ ခြင်း<br>(၃)အခြားဒေသများတွင် လုပ်ကိုင်ခဲ့ဖူးသည့် အတွေ့အကြုံများကို အခြေခံ၍ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ အနေနှင့် စီမံကိန်းများရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ မိတ်ဖက်များနှင့် အလှူရှင်များကို မချဉ်းကပ်မီ အကျိုးသက်ရောက်မှု ရှိသည့်ဒေသများရှိ ဒေသတွင်း အုပ်ချုပ်ရေးအဖွဲ့များနှင့် အဆိုပါ အတွေ့အကြုံများ ကို ဆွေးနွေးတိုင်ပင်ခြင်း<br>(၄) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း ပူးပေါင်း၍ ဝန်ထမ်းများ အားလုံး၏ ပါဝင်ကူညီ ထောက်ပံ့မှုဖြင့် စီမံကိန်း အစီအစဉ်များ ရေးဆွဲဖွံ့ဖြိုးစေခြင်းနှင့်ဘဏ္ဍာရေး အစီအစဉ်များ ရေးဆွဲခြင်း<br>(၅) ဖြည့်စွက်ဘက်ဆိုင်ရာ ချဉ်းကပ်နည်းမျိုး ဖြစ်သည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက စီမံကိန်း ရေးဆွဲခြင်းကို ပြုလုပ်ဆောင်ရွက်ပြီး ဒေသတွင်းနှင့် အမျိုးသားအဆင့် နိုင်ငံတကာ အစိုးရမဟုတ်သော | (၁) စီမံကိန်း အတည်ပြုပြီးနောက် ဒေသတွင်းနှင့် အမျိုးသား အဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရေးဆွဲမှုနှင့် အစီအစဉ်ချထားမှုတို့တွင် အပြောင်းအလဲများ လုပ်ဆောင်လိုပါက ခွင့်မပြုခြင်း (အထူးလို အပ်ချက်များ ရှိနေသည့် သူများအတွက်ပါ ခွင့်မပြုခြင်း)<br>(၂) ဒေသတွင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အပြောင်းအလဲ ဖော်ဆောင်ကြမည့် သူများ အဖြစ် သတ်မှတ်ထားသော်လည်း ၎င်းအဖွဲ့အစည်းများသည် ဒေသခံ ပြည်သူများ လိုအပ်ချက်နှင့် ကိုက်ညီမည့် စီမံခန့်ခွဲမှုများကို လိုက်လျောညီထွေမှုဖြစ်အောင် ဆောင်ရွက်မှုထက် အလှူရှင် သို့မဟုတ် မိတ်ဖက်များ၏ ဆန္ဒနှင့် ကိုက်ညီအောင် လုပ်ကိုင် ဆောင်ရွက်ကြခြင်း |

| | |
|---|---|
| အဖွဲ့အစည်းများက စီမံခန့်ခွဲမှုနှင့် ရေခံမြေခံတွင် အဆင်ပြေချောမွေ့မှုရှိအောင် ဆောင်ရွက်ခြင်း<br>(၆) စီမံခန့်ခွဲမှုကော်မတီအောက်တွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက စီမံခန့်ခွဲမှုနှင့် အစီအစဉ်ချထားဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှုကို ဆောင်ရွက်ခြင်း | |

## ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်း

| **ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** | **ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** |
|---|---|
| (၁) စာရင်းဇယားတွက်ချက်ခြင်းနှင့် အစီရင်ခံသည့် နည်းလမ်းများကို အသုံးပြုပြီး သင်တန်းပေးခြင်းနှင့် ကြီးကြပ်ဦးဆောင်မှု ပေးခြင်း။ *စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို* ကြည့်ပါ။<br>(၂) အထောက်အပံ့ရရှိမှု အပါအဝင် စီမံအုပ်ချုပ် ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်မှု။ *စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့်* | (၁) မိတ်ဖက်များထံမှ ရန်ပုံငွေလွှဲပြောင်းမှု နေ နှောင့်နှေးကြန့်ကြာခြင်း။ တစ်ခါတစ်ရံ ထိုကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများသည် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် စီစဉ်ပြီးသား လုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည် ဖော်ရန် ၄င်းတို့၏ ကိုယ်ပိုင်ငွေများ စိုက်ထားရ သည့် အခြေအနေကို ဖြစ်ပေါ်စေသည်။<br>(၂) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင် လိုက်နာကျင့်သုံးရန် ခက်ခဲ သော သို့မဟုတ် မဖြစ်နိုင်သည့် |

| | |
|---|---|
| *အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု*ကို ကြည့်ပါ။<br>(၃) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များထံသို့ မတင်ပြမီ အတွင်းပိုင်း ပါဂင်ဆောင်ရွက်မှုဆိုင်ရာ ချဉ်းကပ်နည်းတို့ကို အသုံးချပြီး ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက စီမံကိန်း ဘတ်ဂျက်ငွေ ရေးဆွဲခြင်း သို့မဟုတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း။<br>*စီမံကိန်းရေးဆွဲခြင်း၊ အစီအစဉ်ချထားခြင်းနှင့် စီမံခန့်ခွဲခြင်း* ကိုလည်း လေ့လာပါ။<br>(၄) စီမံကိန်း ဘတ်ဂျက်ငွေ ကိစ္စတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ကုန်ကျစရိတ်များကို နိုင်ငံတကာ အေဂျင်စီ အဖွဲ့များက ခွင့်ပြုလုပ်ဆောင်စေခြင်း၊<br>(၅) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများက ဘဏ္ဍာရေးဆိုင် ရာ အစီရင်ခံစာများကို လွယ်ကူ ရိုးရှင်းသော စာရွက်စာတမ်းဖြင့် ဖော်ပြပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ၎င်းစာရွက်စာတမ်းများကို အလှူရှင်များ မျှော်မှန်းထားသည့် ပုံစံများဖြင့် ပြန်လည်ပြောင်းလဲ ပေးခြင်း | နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ (တစ်ဖက်တွင်လည်း ၎င်းတို့အတွက် လိုက်နာရန်လိုအပ်နေသည်) ကို ဆွေးနွေးနိုင်သည့် အခွင့်အလမ်းများ ပေးမထား ခြင်း<br>(၃) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုတို့ကို လတ်တလော အထူးပြုဆောင်ရွက်ရာတွင် အကယ်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဂဘေးအန္တရာယ် လျှော့ချရေးတို့အတွက် အသုံးပြုမည့် အချိန်များတွင်မှ ရန်ပုံငွေချထား ပေ ပေးခြင်းတို့ကို သက်ရောက်မှု အရှိဆုံးနှင့် မောင်းနှင်အား ကောင်းကောင်းဆောင်ရွက်ခြင်း<br>(၄) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ဘဏ္ဍာငွေ စီမံခန့်ခွဲမှုဆိုင်ရာ စနစ်များထဲတွင် အားနည်းချက်များပေါ်ပေါက်လာလျှင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အလားအလာရှိသည့် မိတ်ဖက်များအနေဖြင့် ချုပ်ကိုင်ထားခြင်း<br>(၅) အကောင်အထည်ဖော်ဆောင်ခြင်း ဖြစ်စဉ်များနှင့် အစီရင်ခံစာတင်ရမည့် နောက်ဆုံး ရက်ကြားတွင် ပေးထားသော အချိန်မှာ နည်းပါးခြင်း |

| | |
|---|---|
| | |

## ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အခြားသော နေရာဒေသများနှင့် နှိုင်းစာလျှင် မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုကျယ်ပြန့်စွာ သိမြင်နားလည်ပြီး အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သုတေသန ပါဝင်ဆောင်ရွက်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရားဆောင်ရွက်မှုများတွင် ကူညီထောက်ပံ့ပေးသည့် ကွဲပြားသော ပါဝင်ဆောင်ရွက်သူများဖြစ်သည့် စေတနာ့ဝန်ထမ်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရ၊ စစ်တပ်၊ ကွန်ယက်ချိတ်ဆက်မှုများ၊ အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပုဂ္ဂလိက ပရဟိတ အလှူရှင်များကို တန်ဖိုးထားကြသည်။ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များအတွက် ဆွေးနွေးတိုင်ပင်မှုသည် အလွန် အရေးပါလှပြီး အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများအနေဖြင့် အလှူရှင်များနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ချဉ်းကပ်မှု မပြုမီ ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည့်အပြင် ဆုံးဖြတ်ချက်များကို အခြေခံကျကျ ဆွေးနွေးတိုင်ပင်ပြီးမှသာ စုပေါင်းချမှတ်လေ့ ရှိကြသည်။ မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေနှင့် ၎င်းတို့လုပ်ဆောင်လျက်ရှိကြသည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ အစိုးရအား သတင်းအချက်အလက်များ ပေးလေ့ရှိကြပြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် ဒေသ တွင်း အုပ်ချုပ်ရေးယန္တရား၏ အရေးပါမှုကို အသိအမှတ်ပြုလေ့ရှိကြသည်။

| ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ | ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ |
|---|---|
| (၁) အကြီးမားဆုံးသော ပန်းတိုင်တစ်ခုသို့ ရောက်ရှိစေရန် နိုင်ငံတကာ၊ အမျိုးသားအဆင့် နှင့် ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်း အခြေပြု အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကာ မိတ်ဖက်ပြုခြင်း<br>(၂) ဘက်ပေါင်းစုံသို့ ဖြာထွက်နေသည့် မိတ်ဖက် ပြုမှုဆိုင်ရာ၊ ကွန်ယက်ချိတ်ဆက်မှုဆိုင်ရာ ချဉ်းကပ်နည်းကို အသုံးပြုခြင်း<br>(၃) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေနှင့် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရအပါ အဝင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နီးစပ်စွာ ချိတ်ဆက်ဆောင် ရွက်ခြင်း။ သုတေသနတွင် ပါဝင်ဆောင်ရွက်ခဲ့သူ တစ်ဦး၏ အသုံးစကားအရ ဤကဲ့သို့ ဆောင်ရွက် မှုသည် အစိုးရများ၏<br>သဘောထားကို ပြောင်းလဲစေသည်ဟု သိရှိရသည်။<br>(၄) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် သတ်မှတ်ထားသော အစီအစဉ် လမ်းကြောင်း သို့မဟုတ် နေရာဒေသတွင် ရှိနေသည့် စစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်။ | မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များနှင့် ပတ်သက်သည့် တစ်စုံတစ်ခုကို ဤဇယားတွင် ဖော်ပြထားခြင်း မရှိပါ။ |

## ရန်ပုံငွေ မြှင့်တင်ခြင်း

| ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ | ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ |
|---|---|
| (၁) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေနှင့် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖက် ပြုဆောင်ရွက်ရာတွင် ဖြစ်ပေါ်လ ာလာနိုင်သော အကြပ်အတည်းများ၊ ဘေးအန္တရာယ်များတွင် အသုံးပြုရန် အရေးပေါ်ရန်ပုံငွေ ဖန်တီးထားမှု<br>(၂) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များ ရေးဆွဲရာတွင် နိုင်ငံတကာ မိတ်ဖက်များ အနေဖြင့် ရန်ပုံငွေများ ဖန်တီးထားမှု | (၁) ငွေကြေးထောက်ပံ့မှုများ ပြီးစီးသွားသည့် အနေအထားတွင် ဒေသတွင်းနှင့် အမျိုးသား အဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် ၄င်းတို့၏ ကိုယ်ပိုင်ငွေကြေးများကို သုံးစွဲနေရခြင်း။ *ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်း*တွင်လည်း ကြည့်ရှုလေ့လာနိုင်ပါသည်။<br>(၂) လုပ်ရှားဆောင်ရွက်မှုများတွင် အသုံးပြုရန် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ အဖွဲ့ဂင်ကြေး ပေါ်တွင်သာ မှီတည်နေသော စီမံကိန်းများ။<br>(၃) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများကို ကြားခံဆောင်ရွက်ပေးသူများ အနေနှင့် အသုံးမပြုဘဲ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အလှူရှင်များထံမှ ရန်ပုံငွေ တိုးမြှင့်တောင်းဆိုနိုင်စွမ်း မရှိခြင်း |

## လူ့စွမ်းအား အရင်းအမြစ်

ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သုတေသနတွင် ပါဂင်ဆောင်ရွက်ခဲ့သူများ အနေဖြင့်လူ့စွမ်းအားအရင်းအမြစ်များကို ဆွေးနွေးခဲ့ကြသည်မှာ မြန်မာနိုင်ငံရှိ အခြေအနေသည် သီးခြား အခြေအနေတစ်ခု ဖြစ်နေသည်။ အထူးသဖြင့် ပြည်တွင်းအဖွဲ့အစည်းများတွက် မိတ်ဖက်ပြုမှုကို အဓိက တွန်းအားပေးနေသည်မှာ ကျွမ်းကျင်လုပ်သား များနှင့် ပြည်တွင်း အသိပညာ ဗဟုသုတများကို ပေါင်းစပ်ထားခြင်း ဖြစ်ပြီး ထူးခြားသည်မှာ ထိုဖြစ်စဉ် တွင် ဂန်ထမ်းများသာ ပါဂင်သည်မဟုတ်ဘဲ စေတနာ့လုပ်သား အစုအဖွဲ့ပါ ပါဂင်နေခြင်း ဖြစ်သည်။ စေတနာ့ဂန်ထမ်းအဖြစ်

လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အချိန်ကာလ၊ ကျွမ်းကျင်မှုနှင့် ပုဂ္ဂလိက လှူဒါန်းမှုတို့ အပေါ်တွင် အခြေခံနိုင်ပြီး တစ်ခါတစ်ရံ စေတနာ့ ဝန်ထမ်းအဖြစ် ဆောင်ရွက်လုပ်ကိုင်ခြင်း သည် ဘာသာရေးယုံကြည်မှုနှင့် အလေ့အကျင့် ပေါ်တွင် မူတည်နိုင်ပေသည်။

| **ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** | **ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** |
|---|---|
| (၁) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် သင့်လျော်သည့် အတွင်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အတွက် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း မိတ်ဖက်များကို အထောက်အပံ့ပေးခြင်း။ *စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့* တွင်ပါ လေ့လာကြည့်ရှုနိုင်ပေသည်။ | (၁) ဒေသတွင်း ဝန်ထမ်းများ၏ စိတ်ဆန္ဒနှင့် ရန်ပုံငွေပေါ်တွင် အလွန်အကျွံ အမှီသဟဲ ပြုနေခြင်း။ *ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်း၊ ရန်ပုံငွေ မြှင့်တင်ခြင်း* တို့တွင်လည်း လေ့လာနိုင်ပေသည်။<br>(၂) တိုးများလာသည့် လခနှင့် အဆင့်မြင့် နေထိုင်မှု စနစ်တို့ကိုအပေါ် အခြေခံ၍ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ် သော အဖွဲ့အစည်းများမှ ဝန်ထမ်းများ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ ရာထူးနေရာများသို့ စဉ်ဆက်မပြတ် ရွှေ့ပြောင်းသွားခြင်း |

## အခြားသော လုပ်ဆောင်နိုင်မှုများ

အထက်ပါ အခန်းများတွင် ရှာဖွေဖော်ထုတ်ပြသထားသည့် အဓိက စွမ်းရည်များအပြင် အခြားသော လုပ်ဆောင်နိုင်မှုများဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပစ္စည်းသယ်ယူပို့ဆောင်နေရာချထားရေးဆိုင်ရာ စီမံခန့်ခွဲမှု အကြောင်းအရာများကို ဖြေဆိုသူများထံမှ သိရှိခဲ့ရသော်လည်း မိတ်ဖက်ပြုမှုနှင့် ရေခံမြေခံပြုမှုတို့နှင့်မှု ရှင်းလင်းပြတ်သားစွာ ဆက်စပ်နေမှုကို မတွေ့ရပေ။ လုံခြုံမှုနှင့် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့် ပတ်သက်သည့် အကြောင်းအရာများကို စစ်တမ်းဖြေဆိုမှုများနှင့် အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုတို့၏ တုံ့ပြန်မှုများတွင် များပြားစွာ မတွေ့ရသကဲ့သို့ ရေတို၊ ပုံမှန်နှင့် ရေရှည် အစီအစဉ်များကြားက ချိတ်ဆက်မှုတို့ကိုလည်း အများအပြား ဖြေဆိုထားခြင်း မတွေ့ရပေ။ နိုင်ငံတကာအဆင့်တွင် ရေခံမြေခံပြုမှုနှင့် ပတ်သက်၍ ဆွေးနွေးမှုများ မြင့်တက်လာကြရာတွင် စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်မှာ

ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို ပြည်တွင်းမိတ်ဖက်များကို ပြောင်းလွဲဖြေရှင်းစေမှုနှင့် မဟာသဘောတူညီမှု (the Great Bargain) အစီအစဉ်တွင် နှစ်ပေါင်းများစွာတိုင်အောင် ရန်ပုံငွေထောက်ပံ့မှု တိုးမြင့်လာစေရန် ကတိကဝတ်ထားမှုတို့ ဖြစ်ပေသည်။

တစ်ချိန်တည်းမှာပင် လက်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက် မှု အသွင်ပုံစံနှင့် အံဝင်ခွင်ကျ မဖြစ်သေးသည့် အခြားသော ရင်းမြစ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပုဂ္ဂလဆိုင်ရာ ချိတ်ဆက်မှုနှင့် လှူဒါန်းမှု

(၂) ကွန်ယက် ချိတ်ဆက်ဆောင်ရွက်မှုများ၊ အထူးသဖြင့် ကချင်ပြည်နယ်အတွင်းမှ နောက်ခံအကြောင်းတရား

(၃) လူ့အဖွဲ့အစည်းများမှ အားပေးထောက်ပံ့မှုများ

## ၃.၄ တန်ဖိုးထားမှုများ၊ အခြေခံမူများနှင့် စံချိန်စံညွှန်းများ

မိတ်ဖက်ပြုမှုအတွက် မည်သို့သော တန်ဖိုးထားမှုများ၊ အခြေခံမူဂါဒများနှင့် စံချိန်စံညွှန်းများက အရေးပါသနည်း။

မြန်မာနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဂါဒများနှင့် အကျိုးသက်ရောက်ခံ ဒေသမှ လူသားများအတွက် တာဝန်ခံမှုတို့ကို လက်တွေ့ အသုံးချအကောင်အထည်ဖော်ခြင်းနှင့် သိရှိနားလည်မှုတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတို့တွင် အရေးပါပြီး မိတ်ဖက်ပြုမှုနှင့် ဆက်စပ်နေသည့် အခြေခံမူဂါဒနှင့် တန်ဖိုးထားမှုများ ဖြစ်ကြောင်း စစ်တမ်းဖြေဆိုသူ အများစုက အသိအမှတ်ပြုကြပေသည်။ အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုများက လျစ်ဟပြုသနေသည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဂါဒများကို ပြည်တွင်းဆိုင်ရာ နားလည်မှုများက အထက်ဖော်ပြပါ ကဏ္ဍများတွင် ယေဘုယျကျ ညွှန်းဆိုထားချက်များ ဖြစ်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံချိန်စံညွှန်းများ၊ ကြက်ခြေနီနှင့် လခြမ်းလှုပ်ရှားမှုဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ၊ ဘေးအန္တရာယ် ဖြေလျော့ သက်သာရေးဆိုင်ရာ အဖွဲ့အစည်းများကို လိုက်နာဟူ၍ ကန့်သတ်ထားခြင်း မရှိပေ။ သို့သော် ကတိကဝတ်ထား လုပ်ဆောင်မှု၊ တာဝန်ယူဆောင်ရွက်မှု၊ ကျေးဇူးတရားပြုမှု၊ လေးစားမှု၊ စေတနာ့ဝန်ထမ်း လုပ်ဆောင်မှု၊ ဆန္ဒပြသရုပ်ဖော်မှုနှင့် ဦးဆောင်မှု အစရှိသည့် အသိသညာများ ပါဝင်ပေသည်။ တာဝန်ခံမှုဆိုင်ရာ အခြေခံမူဂါဒသည် အတွင်းကျကျ ဆွေးနွေးမှုများတွင် သိသာထင်ရှားမှုရှိပြီး တာဝန်ခံမှုနှင့်

ပတ်သက်၍ ရေခံမြေခံပြုမှုဆိုင်ရာ ကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများအနေဖြင့် အနည်းဆုံးနှင့် အများဆုံး ဖြစ်ထွန်းစေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အချို့သော တိုင်းရင်း သား အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် သမာသမတ်ရှိမှုနှင့် စိတ်ဆန္ဒရှိမှုတို့ကို သုတေသနပြုလုပ်စဉ်အတွင်း တွေ့ရှိရသော်လည်း အကျယ်တဝင့် ရှင်းပြထားခြင်း မရှိပေ။

| **ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** | **ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** |
|---|---|
| (၁) နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် ထိခိုက်နစ်နာမှု မဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် တာဝန်ခံမှုတို့နှင့် ပတ်သက်၍ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား သင်တန်းပေးခြင်း<br>(၂) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အကျိုးသက်ရောက်ခံ လူ့အဖွဲ့အစည်းများနှင့် အပြန်အလှန် ဆောင်ရွက်ရာတွင် တာဝန်ယူမှု ရှိစေရမည်။ အဘယ့်ကြောင့်ဆိုသော် သုတေသနတွင် ပါဝင်ဆောင်ရွက်ခဲ့သူ | (၁) နိုင်ငံတကာ အေဂျင်စီအဖွဲ့များ အနေဖြင့် အကဲဖြတ်မှုများ၊ ဆုံးဖြတ်မှုများ ပြုလုပ်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ အား ဖိတ်ကြားမှု မပြုလုပ်ခြင်း<br>(၂) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း များမှ ဝန်ထမ်းများအနေဖြင့် ဒေသ ခံ ပြည်သူများနှင့် ဆွေးနွေးတိုင်ပင ပင်မှုများ ပြုလုပ် ဆောင်ရွက်သော်လည်း လွယ်ကူချောမွေ့အောင် ဆောင်ရွက်မှု မရှိခြင်းနှင့် လုပ်ငန်းပြီးစီးဆောင် ရွက်မှုများနှင့် ပတ်သက်သည့် အကဲဖြတ်မှုများ ကင်းမဲ့မှုကြောင့် ပြည့်စုံလုံလောက်မှုမရှိသည့် ဆွေးနွေးတိ တိုင်ပင်မှု ဖြစ်စဉ်များကို ဖြစ်ပေါ်စေသည့် အပြင် စီမံကိန်း လုပ်ရှားဆောင်ရွက်မှုများနှင့် အမှန်တကယ် လိုအပ်ချက်များအကြား လွဲချော်မှုများ ဖြစ်စေ တတ်သည်။ |

| | |
|---|---|
| တစ်ဦးက ပြောကြားခဲ့<br>့သည်မှာ "သူတို့မှာ<br>ဒေသခံတွေရဲ့<br>လိုအပ်ချက်တွေကို ဖြည်<br>ည့်ဆီးပေးနိုင်ဖို့<br>အပြန်အလှန်ဆွေးနွေးမှု၊<br>လူ့အဖွဲ့အစည်းကို<br>တွန်းအားပေးခြင်းနဲ့ ဖြန့်<br>့ဝေခြင်းဆိုင်ရာ<br>ဂန်ဆောင်မှုတွေနဲ့<br>ပတ်သက်တဲ့ စွမ်းရည်တွေ<br>ရှိနေကြတယ်"<br>ဟူ၍ဖြစ်သည်။ | |

အစီအစဉ် အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများကို ဒေသ တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် မိတ်ဖက်ပြုမှုဆိုင်ရာ ကိစ္စရပ်များတွင် အရေးပါသော အရာအဖြစ် အသိအမှတ်ပြုကြပေသည်။ သုတေသန ပါဝင်ဆောင်ရွက်သူများအနေဖြင့် စီစဉ်ဆောင်ရွက်မှု ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးစရိတ် အကျိုးဖြစ်ထွန်းစေမှုအပေါ် အနှုတ်သဘောဆောင် အကျိုးသက်ရောက်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များကို အောက်ပါအတိုင်း ဖော်ပြထား သည်။

(၁) အကဲဖြတ် စစ်ဆေးလေ့လာမှုများတွင် ရာဖွေတွေ့ရှိထားသော လိုအပ်ချက်များကို စီမံကိန်း ရေးဆွဲဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုများတွင် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု မရှိမှုကြောင့် တုန့်ပြန် ဆောင်ရွက်မှုများ မလုပ်ဆောင်နိုင်ခြင်း။ သုတေသနတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးက "*တစ်ခါတစ်လေမှာ ကူညီထောက်ပံ့မှုတွေက အကဲဖြတ်လေ့လာဆောင်ရွက်မှုတွေက ရရှိတဲ့ တွေ့ရှိချက် တွေနဲ့ လွဲချော်နေလေ့ ရှိပါတယ်။ ဒေသတွင်း အဖွဲ့အစည်းတွေက ဒီလိုအခြေအနေတွေကို သိပေမယ့်လည်း ဖော်ထုတ်ပြသဖို့ အခွင့်အလမ်းတွေ မရှိပါဘူး*"

(၂) အစီအစဉ်များဆောင်ရွက်မှုများတွင် ကုန်ကျစရိတ်ကို အကျိုးရှိရှိ အသုံးချမှု မရှိပါ။ အဘယ့်ကြောင့်ဆိုသော် သယ်ယူပို့ဆောင်ရေးနှင့် နေထိုင်မှုတို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းများက ထောက်ပံ့ပေးသည့် စရိတ်မှာ များပြားသောကြောင့် ဖြစ်သည်။

ယုံကြည်မှုနှင့် လေးစားမှုတို့ကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုဆောင်ရွက်ရာတွင် ဦးစားပေးသင့်သော တန်ဖိုးထားမှုများအနေဖြင့် ပြည်တွင်း စစ်တမ်းဖြေဆိုသူများက မှတ်ယူကြသည်။ ကောင်းမွန်သော မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့် အချို့ အကြောင်း ဆွေးနွေးတိုင်ပင်ကြသော်လည်း အချို့သော သုတေသန ပါဝင်ဆောင်ရွက်သူများသည် မြန်မာနိုင်ငံရှိ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပတ်သက်၍ အနုတ်လက္ခဏာဆောင် သဘောထားများ ရှိကြသည်။

| **ရေခံမြေခံပြုမှုကို အများဆုံး ဖြစ်နိုင်စေမည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** | **ရေခံမြေခံပြုမှု ဖြစ်နိုင်ချေကို လျော့ကျစေနိုင်မည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ** |
|---|---|
| (၁) စီမံကိန်းများ စနစ်တကျနှင့် အောင်အောင် မြင်မြင် ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအပေါ် ယုံကြည်မှု မြင့်တက်လာခြင်း<br>(၂) အရာရာတွင် ပွင့်လင်းမြင်သာမှု ရှိလာခြင်း<br>(၃) အားပေးအားမြှောက်ပြုသည့် ဆက်သွယ် ဆောင်ရွက်မှု | (၁) မြန်မာနိုင်ငံ ရေခံမြေခံနှင့် ကိုက်ညီမှု မရှိသော သို့မဟုတ် ရေခံမြေခံပြုမှုကို ဦးတည် ချက်အနေနှင့် ဆောင်ရွက်ထားခြင်း မဟုတ်သော ဖြစ်စဉ်များနှင့် အခြေခံလိုအပ်ချက်များကို အသုံးပြုထားသည့် အဖွဲ့အစည်းဆိုင်ရာ ဆန်းစစ် အကဲဖြတ်မှုများ<br>(၂) မအောင်မြင်ခဲ့သော အဆိုပြုချက်များ အပေါ်တွင် အသုံးဝင်သည့် အကြံပေးမှုများ ကင်းမဲ့ခြင်း<br>(၃) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း များအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးအမြတ် များကို ၎င်းတို့၏ မိတ်ဖက်များနှင့် မျှဝေမှု မပြုခြင်း (စည်းမျဉ်းကန့်သတ်ထားမှု မရှိသည့် ဘတ်ဂျက်များ)<br>(၄) ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက လုပ်ဆောင်ထားသည့် စီမံကိန်းများကို ၎င်းတို့ကို အသိပေးခြင်း မရှိဘဲ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အေဂျင်စီ အဖွဲ့များ အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း<br>(၅) ပူးပေါင်းလုပ်ဆောင်ရန် |

| | |
|---|---|
| | ကတိကဂတ်များ ပေးထားသော်လည်း နိုင်ငံတကာ အစိုးမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု မရှိခြင်း |

## ၃.၅ အခြေခံကျသည့် ပြင်ပအရာများ

မိတ်ဖက်ပြုမှုကို အကျိုးသက်ရောက်မှုရှိစေမည့် အခြေခံကျသည့် ပြင်ပအရာများမှာ မည်သည့် အရာများဖြစ်သနည်း။

စစ်တွေနှင့် ကချင်ပြည်နယ်ရှိ အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုများတွင် ဖြစ်ပွားနေဆဲ လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်သည့် အကြောင်းအရာများသည် များပြားမြင့်တက်လျက် ရှိသည်။ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် ပါဂင်ဆောင်ရွက်သူများက ၄င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများမှာ အဆိုပါ ဒေသများတွင် လုံခြုံမှု မရှိကြောင်း ရှင်းပြခဲ့ကြသည်။ အချို့အကြောင်းရင်းများမှာ အချို့သော ဒေသများသို့ သွားရောက် လေ့လာရန် အစိုးရ နှင့် စစ်တပ်၏ ခွင့်ပြုချက်များ မရသောကြောင့် ဖြစ်သည်။ အချို့သော အကြောင်းရင်းမှာ အကယ်၍ အစိုးရထံတွင် တရားဂင် စာရင်းသွင်းပြီး သွားရောက်ပါက အချို့သော ဒေသများတွင် ၄င်းတို့ကို ကြိုဆိုလက်ခံမှု နည်းပါးလိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။ စိတ်ဂင်စားဖွယ်ကောင်းသည်မှာ လုံခြုံရေးနှင့် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့ကို မိတ်ဖက်ပြုမှု၏ အရေးပါသော အစိတ်အပိုင်းအဖြစ် ထည့်သွင်းစဉ်းစားမှု မပြုခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ အချို့သော ဒေသများနှင့် ဘာသာရေးအားကောင်းသော ဒေသများရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုအပေါ် နိုင်ငံရေးတင်းမာသည့် အခြေ အနေတို့က လွှမ်းမိုးထားမှုသည် အတွင်းကျကျ ဆွေးနွေးတိုင်ပင်မှုများတွင် ပါဂင်ခဲ့သော်လည်း အသေး စိတ် ပြတ်သားစွာ ဖော်ပြထားခြင်း မရှိပါ။ တိုင်းရင်းသား လူမျိုးစုများအကြား တင်းမာမှုနှင့် အကြမ်းဖက်မှုတို့သည် မြန်မာနိုင်ငံတွင်း ရေခံမြေခံပြုမှုနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့်

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကြား မိတ်ဖက်ပြုမှုဆိုင်ရာ ကိစ္စရပ်များကို အကျိုးသက်ရောက်မှုများ ရှိစေခဲ့ပြီး ထိုအကျိုးသက်ရောက်မှုများသည် အကျိုးသက်ရောက်ခံ ဒေသများထံသို့ ထိတွေ့နိုင်မှုမှသည် ဒေသတွင်းနှင့် အမျိုးသာအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုအထိ ဖြစ်ပေါ်စေခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဂါဒများအကြောင်း ဆွေးနွေးမှုများနှင့် အရေးကြီးမှုများအကြောင်း စစ်တမ်းတွက် ပါဂင်ဆောင်ရွက်သူများနှင့် စပ်လျဉ်း၍ အရေးကြီးသော အရာမှာ မြန်မာနိုင်ငံ မိတ်ဖက်များအကြား တစ်ယောက်ချင်းစီအကြား ထားရှိသည့် ချိတ်ဆက်ဆောင် ရွက်မှုများ၊ သစ္စာရှိမှုများ၊ တန်ဖိုးထားမှုများနှင့် အခြေခံမူဂါဒများအပေါ်တွင် နားလည်နိုင်မှုတို့ ဖြစ်သည်။

စစ်တမ်းဖြေကြားသူတို့၏ ဖြေကြားချက်များအရ အစိုးရ၏ စွမ်းဆောင်နိုင်မှုသည် အရေးကြီးသော ပြင်ပဆိုင်ရာ အချက်တစ်ခု ဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများအကြား ရှိနေသည့် ခံစားချက်တစ်ခုမှာ အစိုးရ၏ ပွင့်လင်းမြင်သာမှုရှိခြင်း မရှိခြင်းသည် မိတ်ဖက်အဖွဲ့အစည်းများကြား ဆက်လက် ပူးပေါင်းလုပ်ဆောင်ရန် ရှိမရှိ အချက်တစ်ချက် ဖြစ်နေသည် ဟူသည့် ခံစားချက်ဖြစ်သည်။ သို့သော ဤပြဿနာကို ဆွေးနွေးတိုင်ပင်မှုတို့တွင် အသေးစိတ်ဆွေးနွေးထားခြင်းမရှိပေ။ ကုလသမဂ္ဂ သတင်းအချက်အလက် ရှာဖွေစုဆောင်သူ တစ်ယောက်၏ ထောက်ပြချက်အရ ပဋိပက္ခဖြစ်မှုအပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်များ အစိုးရတွင် ကင်းမဲ့မှုနှင့် ပဋိပက္ခကြောင့် ရွှေ့ပြောင်းသွားလာသူတို့ အတွက် မူလနေရာများသို့ ပြန်လည်သွားနိုင်အောင် စီစဉ်ပေးနိုင်ခြင်း မရှိမှုတို့သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ရပ်ဂန်းကို မသေချာမှုကို ဖြစ်ပေးစေသည်။ အခြား သုတေသန ပါဂင်ဆောင်ရွက်သူ တစ်ယောက်၏ ထောက်ပြချက်အရ မြန်မာနိုင်ငံ ဥပဒေပြုရေးမဏ္ဍိုင်က ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကူညီထောက်ပံ့ရေးအတွက် ရေးဆွဲထားမှုမှာလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအတွက် ယခုထိတိုင်အောင် လက်ခံကျင့်သုံးခြင်း မရှိသေးပေ။ သို့သော် များစွာသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် ဆက်သွယ်ဆောင်ရွက်မှုကို ထိန်းသိမ်းဆောင်ရွက်လျက် ရှိပြီး ထိုကျင့်သုံးမှုဆိုင်ရာ အလေ့အကျင့်သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုတို့တွင် ၄င်းတို့၏ တရားဂင် အသိအမှတ်ပြုမှုတို့ကို ဆက်လက်လုပ်ဆောင်စေရန် တွန်းအားပေးလျက်ရှိသည်။

## ၃.၅.၁ သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခဆိုင်ရာ နောက်ခံအကြောင်းတရားများ

**သဘာအန္တရာယ်နှင့် ပဋိပက္ခဆိုင်ရာ နောက်ခံအကြောင်းတရားတို့တွင် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ ကွဲပြားခြားနားမှု ရှိပါသလား။**

သုတေသန၏ ရှာဖွေတွေ့ရှိချက်အရ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ မိတ်ဖက်ပြု ဆောင်ရွက်မှု များသည် နောက်ခံအကြောင်းတရားများအပေါ် မူတည်၍ ကွဲပြားခြားနားမှု ရှိသည်။ သဘာဝဘေးအန္တရာယ် နောက်ခံအကြောင်းတရားဆိုင်ရာ ကိစ္စရပ်များတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုဆောင်ရွက်မှုများသည် အထူးသဖြင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများနှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းကိစ္စရပ်များတွင် ကျေနပ်အားရမှု ရှိကြသည်။ သို့သော် ပဋိပက္ခနောက်ခံအကြောင်းတရားများတွင်မူ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကြားတွင် ကြီးမားပြင်းထန်သော တင်းမာမှုများ ရှိကြသည်။ ဤနေရာတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများသည် ၎င်းတို့အနေဖြင့် ဗဟုသုတသိမှုနှင့် စွမ်းရည်ပိုင်းတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ၎င်းတို့ကို လုံလောက်သော လေးစားသမှုများ မပေးကြဟု ခံယူကြပြီး ၎င်းတို့သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကုန်ကျစရိတ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့် စပ်လျဉ်း၍ နိုင်ငံ တကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကျင့်သုံးမှုများကို စိုးရိမ်ကြောင့်ကြမှုများ ရှိကြသည်။

ဤကဲ့သို့သော ကွဲပြားခြားနားမှုများ၏ အကြောင်းရင်းများနှင့် မိတ်ဖက်ပြုမှုနှင့် ရေရေခံမြေခံပြုမှုတို့အတွက် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ပြည့်ပြည့်ဝဝ နားလည်နိုင် စေရန် သုတေသနများစွာ လုပ်ဆောင်ရန် လိုအပ်သည်။ ဥပမာအားဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် လုံခြုံမှု မရှိသော ရပ်ဝန်း သို့မဟုတ် နိုင်ငံရေးအခြေအနေ ရှုပ်ထွေးသည့် နေရာတွင် လုပ်ငန်းဆောင်တာများ ပြုလုပ်ရပါက ထိုအဖွဲ့အစည်းများ၏ ရေခံမြေခံပြုမှုဆိုင်ရာ အလေ့အကျင့်များသည် ဖြစ်ပေးရန် လွယ်ကူနိုင်သလား သို့မဟုတ် နှေးကွေးနိုင်သလား ဆိုသည့် မေးခွန်းဖြစ်သည်။ ဤဆက်စပ်မှုများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဝါဒများ ကို အထောက်အပံ့ပြုနိုင်သလား သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ပေးခြင်း အားဖြင့် အကြမ်းဖက်မှုများကို တွန်းလှန်နိုင်မည့် ဆောင်ရွက်မှုများကို အထောက်အပံ့ပြုနိုင်သလား ဆို သည့် မေးခွန်းများကို ဖြ

ဖြစ်ပေါ်လာစေသည်။ဤသုတေသနသည် မေးခွန်း(၂)ခုစလုံးကို အကြံပြုချက်များ ပေးနေသည်။ နောက်ထပ် ထွက်ပေါ်လာသည့် မေးခွန်းများမှာ ပြည်တွင်းလှုပ်ရှားဆောင်ရွက်သူတို့၏ သမာသမတ်ကျမှုနှင့် လွတ်လပ်မှုများက နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်သူများနှင့် မိတ်ဖက်ပြုမှုကို မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိသည်ကို တိုင်းတာသော မေးခွန်းဖြစ်ပြီး ထိုဆက်စပ်အကြောင်းအရာများသည် မည်မျှအထိ ရှိနိုင်သနည်း ဟူသည့် မေးခွန်းဖြစ်သည်။ ပဋိပက္ခ ဖြစ်ပွားရာ ဒေသများတွင် အပြုသဘော ပိုမိုဆောင်ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးများ တည်ဆောက်စေရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများလုပ်ဆောင် နိုင်မည့် အရာများကို ရှာဖွေဖော်ထုတ်နိုင်မည့် မေးခွန်းများအကြောင်း ဆွေးနွေးရန်လိုအပ်သည်။ ပိုမိုကောင်းမွန်သော ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပွင့်လင်းမြင်သာမှုများသည် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင် ရေရှည်ဆောင်ရွက်သွားရန် လိုအပ်သည်။

## ၃.၅.၂ မိတ်ဖက်ပြုမှုဆိုင်ရာ သက်တမ်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စက်ဝန်းတွင် ကြိုတင်ပြင်ဆင်ထားမှု အဆင့်ဆင့်၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်လျှော့ချမှု၊ တုန့်ပြန်ဆောင်ရွက်မှု၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်မှု၊ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အသွင်ကူးပြောင်းမှု (ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်ထူထောင်နိုင်စွမ်းတို့ကို ချိတ်ဆက်တည်ဆောက်မှု) နှင့် ထွက်ပြေးလွတ်မြောက်မှုတို့ ပါဝင်သည်။ စစ်တမ်းဖြေဆိုသူများ အဓိကထား ဖြေဆိုကြသည်မှာ လူမှုအဖွဲ့အစည်းများနှင့် ရေရှည်ညှိနှိုင်းစေ့စပ် ဆောင်ရွက်မှုဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ဒေ ဒေသခံများ၏ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးကို မြှင့်တင်ရန် နည်းလမ်းတစ်ခု အနေနှင့် ရေရှည်တည်တံ့မည့် ပြည်တွင်းဆိုင်ရာ ဖြစ်တည်မှုကို အထောက်အပံ့ပြုရန် အကောင်းဆုံးသော နည်းလမ်းများကို နိုင်ငံတကာ အဖွဲ့အစည်းများက ဆောင်ရွက်ရမည် ဆိုသည့် အချက်ဖြစ်သည်။

နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြားက မိတ်ဖက်ပြုမှု သက်တမ်းကို သုတေသနထဲတွင် ဦးစားပေး ဖော်ပြထားပေသည်။ ဒေသတွင်း အဖွဲ့အစည်းများက ရေခံမြေခံပြုရာတွင် အရေးကြီးသော အချက်အနေဖြင့် စီမံကိန်းဆိုင်ရာ မိတ်ဖက်ပြုမှုများနှင့် ပတ်သက်၍ ကာလကြာရှည် ထောက်ပံ့ပေးမှုကို အလေးပေးပြောဆိုကြသည်။ သို့သော် သုတေသန ပါဝင်ဆောင်ရွက်သူတစ်ဦးက ရေခံမြေခံ ပြုမှုလမ်းကြောင်းကို ဦးတည်ရာတွင် အကောင်းဆုံးသော

လမ်းကြောင်းမှာ နိုင်ငံတကာ အဖွဲ့အစည်းများထံမှ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အကြွင်းမဲ့ လွှဲပြောင်းပေးမှု ဖြစ်သည် ဟူ၍ ယုံကြည်သည်။ ဤအကြောင်းအချင်းအရာက နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အစီအစဉ်များနှင့် မိတ်ဖက်ပြုမှုများ၏ ရေတိုလုပ်ရှားဆောင်ရွက်နေသည့် အချိန်မှုဘောင်ကို ကျော်လွန်၍ စဉ်းစားရမည် ဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်မှုများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှု၊ ဒေသတွင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်မှု၊ မိတ်ဖက်ပြုမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘသာဂဘေးအန္တရာယ် ဖြစ်လွယ် သည့် ဒေသများတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုတို့ပါဂင်ပြီး တစ်ဖက်တွင် အပြီး ပိုင် စွန့်ခွာမှုနှင့် လွှဲပြောင်းမှုတို့အတွက် အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရမည် ဖြစ်သည်။၏



အမျိုးသားအဆင့် ဦးဆောင်ကော်မတီ အစည်းအဝေး - မြန်မာနိုင်ငံ

## နိဂုံးချုပ်များနှင့် အကြံပေးချက်များ

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်၊ အရှိန်မြှင့်တင်ရန်နှင့် တွန်းအားပေးရန် သုတေသနမှ ရှာဖွေတွေ့ရှိမှုများကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် မည်သို့ အသုံးပြုမည်နည်း။

နိဂုံးချုပ်တွင် ဤသုတေသနတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုများအတွက် ရေခံမြေခံပြုမှုများကို ဖော်ဆောင်ပေး မည့် ထပ်လောင်းပေါင်းဆင့် တန်ဖိုးထားမှုများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ | ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ | နိုင်ငံတကာ အဖွဲ့အစည်းများ |
|---|---|---|
| (၁) စီမံကိန်း ရေးဆွဲခြင်းနှင့် စီစဉ် ဆောင်ရွက်ခြင်း<br>(၂) ထောက်ခံအားပေးခြင်း<br>(၃) ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း<br>(၄) ထောက်ပံ့ပို့ဆောင်စီမံမှု<br>(၅) လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှု | (၁) စောင့်ကြည့်လေ့လာခြင်း<br>၊အကဲဖြတ်ခြင်း၊<br>တာဝန်ခံခြင်းနှင့် ‌လေ့လာသင်ယူခြင်း | (၁) ရန်ပုံငွေ မြှင့်တင် ဆောင်ရွက်ခြင်း<br>(၂) ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု<br>(၃) နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု |

အထက်ပါဇယားတွင် ရေးဆွဲထားသည့် လုပ်ဆောင်နိုင်မှုများနှင့် ထပ်လောင်းပေါင်းဆင့် တန်ဖိုးထားမှုများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးတည်ဆောက်ရန် လိုအပ်ပြီး ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဦးဆောင်မှုအောက်တွင် အတတ်နိုင်ဆုံး လက်တွေ့ကျကျ ဆောင်ရွက်ရမည် ဖြစ်သည်။ ယခုကာလနှင့် နောင် အနာဂတ်ကာလများတွင်

မြန်မာနိုင်ငံရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်း အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ရန် ရန်ပုံငွေထောက်ပံ့ပေးခြင်းနှင့် တုန့်ပြန်ဆောင်ရွက်မှုတို့ကို လုပ်ဆောင်ကြမည့် နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများနှင့် အေဂျင်စီ အဖွဲ့များ အနေဖြင့် ဤသုတေသနမှ ရှာဖွေတွေ့ရှိမှုများနှင့် အကြံပေးချက်များကို အသုံးပြုသင့်သည်။ အကြောင်းရင်းမှာ အကြပ်အတည်းဖြစ်နေသည့် ဒေသများမှ ဒေသခံများ၏ လိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်ပေးမည့် မိတ်ဖက်ပြုမှု အလေ့အထများအကြောင်းကို ရှိပြီးသား သို့မဟုတ် ဖြစ်လာနိုင်ချေရှိသည့် မိတ်ဖက်များနှင့် ပွင့်လင်းသော ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ရန် ဖြစ်ပြီး တစ်ဖက်တွင်လည်း ဒေ ဒေသတွင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများကို ၄င်းတို့၏ ရှိပြီးသား စွမ်းဆောင်နိုင်မှုများကို အသိအမှတ်ပြုပြီး တုန့်ပြန်ဆောင်ရွက်မှုများတွင် ကြီးမားကျယ်ပြန့်သော ဦးဆောင်မှု အခန်းကဏ္ဍကို ရယူရန် တွန်းအားပေးရမည် ဖြစ်သည်။

နိုင်ငံတကာအခင်းအကျင်းတွင်လည်း
နိုင်ငံတကာ အေဂျင်စီအဖွဲ့များအနေဖြင့် ရေခံမြေခံပြုမှုဆိုင်ရာ ရည်မှန်းချက်များနှင့် ကတိကဝတ်ထား ဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ ရန်ပုံငွေ ထောက်ပံ့ရေး အစီအစဉ်သစ်များနှင့် ရှိပြီးသား အစီအစဉ်တို့ကို အကဲဖြတ်ဖြတ်ရန် အဓိက အလှူရှင်များနှင့် ရန်ပုံငွေထောက်ပံ့ရေး အေဂျင်စီအဖွဲ့များနှင့် ဆက်ဆံရေးကို အသုံးပြုကာ တွန်းအားပေး ဆောင်ရွက်ရမည် ဖြစ်ပြီး အထူးသဖြင့် မဟာသဘောတူညီချက် (the Grand Bargain) အစီအစဉ်အရ တစ်ဖက်တွင် ၄င်းတို့အတွက် အခင်းအကျင်းသစ်တစ်ခုဖြစ်သည့် ရန်ပုံငွေများကို တိုက်ရိုက်လက်ခံသူများ မဟုတ်သည့် အခင်းအကျင်းတစ်ခုကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အလှူရှင် အေဂျင်စီအဖွဲ့၏ အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ လည်ပတ်ဆောင်ရွက်မှုနှင့် သိသိသာသာ ရှုပ်ထွေးလာသည့် စည်းကမ်းမပြတ် လုပ်အားစိုက်ထုတ်မှု ဖြစ်စဉ်များကို မဟာသဘောတူညီချက်တွင် သဘောတူထားသည့် ကတိကဝတ်နှင့် ရေခံမြေခံပြုမှုဆိုင်ရာ အမြင်များဖြင့် အကဲဖြတ်သင့်ပေသည်။

အမျိုးသားအဆင့် အခင်းအကျင်းတွင် မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အတွက် လုပ်ငန်းဆောင်ရွက်မှု ရပ်ဝန်းမှာ ရှုပ်ထွေးလှသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှု နေရာတစ်ခုချင်းစီရှိ စနစ်များနှင့် အခြေအနေရွေ့လျားမှုတို့ကို နားလည်စေရန် လုပ်ပိုင်ခွင့်အာဏာများကို ခွဲခြမ်းစိတ်ဖြာ လေ့လာမှုများ ပြုလုပ်သင့်ပေသည်။ ရေခံမြေခံပြုမှုတွင် ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံရှိ စေတနာ့ဝန်ထမ်းများနှင့် ၄င်းတို့၏ ကွန်ရက်ချိတ်ဆက်မှုများကို ထူးခြားသည့် အရေးပါမှုအဖြစ် အသိအမှတ်ပြုရန် လိုအပ်သည်။ နောက်ဆုံးအနေဖြင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများအကြား မိတ်ဖက်ပြုမှုများအတွက် စွမ်းဆောင်ရည် ကြံ့ခိုင်သန်စွမ်းလာအောင် ပြုလုပ်ခြင်း၊

အဆင့်ဆင့် စီစဉ်ဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းလုပ်ဆောင်ရေးဆိုင်ရာ မဟာဗျူဟာများသည် လွန်စွာ အရေးပါသည်။

အောက်ဖော်ပြပါအချက်များသည် သုတေသန ရှာဖွေတွေ့ရှိများမှ ရရှိလာသည့် မိတ်ဖက်ပြုမှုကို နောက်ခံအကြောင်းတရား တစ်ခုအနေဖြင့် မူဘောင်သတ်မှတ်၍ ရေခံမြေခံပြုမှုကို အရှိန်မြှင်တင် လုပ်ဆောင်ရန်အတွက် အရေးပါသော အကြံပေးချက်များဖြစ်ပြီး အစိုးရ၊ ကုလသမဂ္ဂနှင့် ရန်ပုံငွေ ထောက်ပံ့ရေး အေဂျင်စီအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ အားလုံးအတွက် ဆီလျော်မှု ရှိပေသည်။

## (၁) သုတေသန ရှာဖွေတွေ့ရှိမှုများနှင့် အကြံပေးချက်များကို ဖက်စပ်ပြန်လည်သုံးသပ်ခြင်း

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များသည် ဤသုတေသနမှ ရရှိလာသည့် ရှာဖွေတွေ့ရှိမှုများနှင့် အကြံပေးချက်များအကြောင်း အတူတကွ ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့် ပြီး ရေခံမြေခံပြုမှု ဖြစ်ပေါ်နိုင်ရန် ခက်ခဲသည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များ၏ အဖြေကိုရှာဖွေ သော လုပ်ရှားဆောင်ရွက်မှုဆိုင်ရာ အစီအစဉ် ရေးဆွဲရမည်။ ထိုအစီအစဉ်များ ရေးဆွဲရင်း မှတ်ကျောက် တင်နိုင်မည့် အရာများ၊ ဦးတည်ချက်များ၊ လိုအပ်သော ရင်းမြစ်များနှင့် စောင့်ကြည့်လေ့လာရေးဆိုင်ရာ ယန္တရားတစ်ခုကိုပါ ရှာဖွေဖော်ထုတ်ရမည်။ မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ခြင်း အစီအစဉ်တွင် ပါဝင်သည့် အေဂျင်စီအဖွဲ့ စုပေးမှုက ဤဖြစ်စဉ်ကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ပြီး စမ်းသပ်လုပ်ဆောင်မည့် အဆင့်အတွက် လုပ်ရှားဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မည် ဖြစ်သည်။ နောက်ဆက်တွဲ ဇယား(၂)တွင် အသုံးမပြုနိုင်သော ပုံစံများကို လေ့လာကြည့်ရှုပါ။

## (၂) မိတ်ဖက်ပြုမှုအားဖြင့် ရေခံမြေခံပြုမှုကို ကန့်သတ်ထားသည့် ပြင်ပဆိုင်ရာ အချက်များကို ရှာဖွေခြင်း

လူသာချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များအနေဖြင့် ရေခံမြေခံပြုမှုကို တွန်းအား ပေးနေသည့် မိတ်ဖက်ပြုမှုဆိုင်ရာ အလေ့အကျင့်များကို ကန့်သတ်ထားသော ပြင်ပဆိုင်ရာ အချက်များ ဖြစ်သည့် အလှူရှင်များ၏ မူဝါဒများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် အဆိုပါ ကန့်သတ်ချက်များကို လျှော့ချနိုင်သည့် လုပ်ရှားဆောင်ရွက်မှုများကိုပါ ရှာဖွေဖော်ထုတ်နိုင်သည်။ ထောက်ခံအားပေးသည့် မဟာဗျူဟာသည် လက်တွေ့ အသုံးဝင်မှု အများဆုံး ဖြစ်နိုင်ပြီး မြန်မာနိုင်ငံရှိ ရေခံမြေခံပြုမှုကို အဟန့်အတားပြုနေသည့် အတားအဆီးများကို တင်ပြရင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပါဝင်သင့်

ပါဝင်ထိုက်သူတို့နှင့် ဆွေးနွေးတိုင်ပင်မှုတို့ကိုပါ လုပ်ဆောင်သင့်သည်။ ဤသုတေသနတွင် ပဋိပက္ခ နောက်ခံအကြောင်းတရားများနှင့် နိုင်းစာလျှင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ နောက်ခံအကြောင်းတရား ကိစ္စများတွင် မိတ်ဖက်ပြုမှုနှင့် ပတ်သက်၍ ပိုမိုကျေနပ်မှုရှိကြဖြင့် ဤသို့ကွဲပြားခြားနားမှုအကြောင်း သုတေသန လုပ်ဆောင်ရန် လိုအပ်သည်။

## (၃) မိတ်ဖက်ပြုမှုဆိုင်ရာ သဘောတူညီချက်များကို ပြန်လည်သုံးသပ်ခြင်း

မိတ်ဖက်များအနေဖြင့် အတူကတွ ချုပ်ဆိုထားသည့် မိတ်ဖက်ပြုမှုဆိုင်ရာ သဘောတူညီချက်များကို ပြန်လည်ကြည့်ရှုသင့်ပြီး ထိုသို့ပြန်လည်သုံးသပ်ရာတွင် သဘောတူညီချက်များစွာတွင် ပါဝင်တတ်သည့် လုပ်ပိုင်ခွင့်အာဏာ ဘက်မမျှမှုများကို ပြန်လည်ပြင်ဆင်သင့်သည်။ ထို့အပြင် စီမံကိန်း အခြေပြုသည့် သဘောတူညီမှုများထက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စက်ဝန်းအားဖြင့် ရေရှည် ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ပေးမှုတို့ကို လုပ်ဆောင်စေရန် ပြန်လည် သုံးသပ်သင့်သည်။

(က) အကောင်အထည်ဖော် ဆောင်ရွက်သော မိတ်ဖက်(၁)ဦးတည်းအတွက် မဟုတ်ဘဲ မိတ်ဖက်(၂)ဦးလုံး၏ အခန်းကဏ္ဍ၊ တာဝန်ခံမှုနှင့် ထပ်လောင်းပေါင်းဆင့် တန်ဖိုးထားမှု များကို စီစဉ်ဆောင်ရွက်သင့်သည်။

(ခ) အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကတိကဝတ်ခံ လုပ်ဆောင်မှုနှင့် ရန်ပုံငွေထောက်ပံ့ခြင်းတို့ကို စီစဉ်ဆောင်ရွက်သင့်သည်။ ထိုသို့ စီစဉ်ဆောင်ရွက်ရာတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ရှာဖွေဖော်ထုတ်ထားသည့် ဒေသတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် မဟာဗျူဟာမြောက် ဆောင်ရွက်မှုများဖြင့် လုပ်ဆောင်ရမည်။ (အနိမ့်ဆုံးအဆင့် အနေဖြင့် ရှာဖွေဖော်ထုတ်ရာတွင် ဖက်စပ် အကဲဖြတ် စစ်ဆေးခြင်း ဖြစ်စဉ်ကို အသုံးပြုသင့်သည်။)

(ဂ) လိုအပ်ပါက အဆင့်လိုက်သွားသည့် ချဉ်းကပ်မှုအားဖြင့် လုပ်ပိုင်ခွင့်အာဏာနှင့် ဆုံးဖြတ်ချက်ချမှုတို့ကို အသွင်ကူးပြောင်းရန် အစီအစဉ်များ ထည့်သွင်းရေးဆွဲခြင်း

(ဃ) အထက်ပါ အချက်များအရ ပြန်လည်စစ်ဆေးထားသည့် သဘောတူညီချက်များကို မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားဖြင့် အဆင့်မြှင့်ထားသည့် မိတ်ဖက်ဆိုင်ရာ သဘောတူညီမှုများအတွက် စံချိန်စံညွှန်းဆိုင်ရာ ပုံစံအဖြစ် ထည့်သွင်း စဉ်းစားခြင်း။ နောက်ဆုံးတွင် ဤ အရာများသည် အေဂျင်စီအဖွဲ့အခြေပြု ပုံစံများကို အစားထိုးသွားမည် ဖြစ်ပြီး မိတ်ဖက်အသစ်များနှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့်

အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေဖြင့် ညှိနှိုင်းရေးဆိုင်ရာ ကိရိယာ တန်ဆာပလာကဲ့သို့ အသုံးပြုနိုင်ပေသည်။

(၄) ဒေသတွင်းနှင့် အမျိုးသားအဆင့် လုပ်ရှားဆောင်ရွက်မှုများ၏ စွမ်းဆောင်ရည် အားကောင်းလာမှုကို အကဲဖြတ်ခြင်း

ဒေသတွင်းနှင့် အမျိုးသားအဆင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ၎င်းတို့၏ စွမ်းဆောင်ရည် အားကောင်းလာရေးအတွက် လိုအပ်ချက်များကို အကဲဖြတ်ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ မိတ်ဖက်များနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ထောက်ပံ့ကူညီမှုများ ရရှိလာနိုင်ပြီး လိုအပ်ချက်များကို ဖော်ထုတ်အဖြေရှာရန် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်သည်။ လိုအပ်ချက်များ အထောက်အပံ့ပေးနိုင်ရန်နှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ တောင်းဆိုရန် တည်ရှိပြီးသော မိတ်ဖက်များနှင့် မိတ်ဖက်အသစ်များ ဆွေးနွေးပြောဆိုကြရာတွင် အထက်ပါ စွမ်းဆောင်ရည်အားကောင်းလာစေရေး အစီအစဉ်များကို အသုံးပြုနိုင်သည်။ အဆိုပါ အစီအစဉ်များကို နိုင်ငံတကာ မိတ်ဖက်တစ်ခုချင်းစီ အနေဖြင့် တူညီသော သင်တန်းပေးမှုများ နှစ်ခါမလုပ်ဆောင်မိအောင် ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ပြီး စွမ်းဆောင်ရည် အဆင့်မြင့်တက်လာမှုနှင့် လိုအပ်ချက်များကို ဘက်မျှအောင် ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ပေသည်။ စွမ်းဆောင်ရည်အားကောင်းလာစေရန် ဦးစားပေးဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက် ပေးနိုင်သည်။ ဥပမာအားဖြင့် သင်ယူမှုဆိုင်ရာ စုဝေးမှုများ၊ လူတွေ့ သို့မဟုတ် အင်တာနက်မှတစ်ဆင့် သင်တန်းပေးမှုများ၊ စောင့်ကြည့်လေ့လာမှုများ၊ တွဲဖက်လုပ်ကိုင်ခြင်း သို့မဟုတ် နောက်လိုက်လုပ်ကိုင်ခြင်း၊ အခြေအနေတစ်ခုကို ဖန်တီးယူ၍ လေ့လာ သင်ယူခြင်းနှင့် အလုပ်လုပ်ကိုင်ရင်း လေ့လာသင်ယူခြင်းတို့ ဖြစ်သည်။ မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အစီအစဉ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံချိန်စံညွှန်းနှင့် ချိန်ညှိပြီး မိမိကိုယ်မိမိ အကဲဖြတ်ဆန်းစစ်မှုကဲ့သို့သော ပုံစံများကို အသုံးပြု၍ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ကူညီထောက်ပံ့ရန် ရည်ရွယ်လျက် ရှိသည်။

## (၅) နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်သူများ၏ စွမ်းဆောင်ရည် အားကောင်းလာမှုကို အကဲဖြတ်ခြင်း

ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသည့် အဖွဲ့အစည်းများ သို့မဟုတ် လူများတွင် ကောင်းမွန်သော သင်တန်းပေးသူများ၊ လမ်းညွှန်ပြသသူများ ဖြစ်လာရန်အတွက် လိုအပ်သော စွမ်းရည် များ ရှိသည်ဟု မယူဆနိုင်ပါ။ ထိုနည်းတူစွာပင် နိုင်ငံတကာ အေဂျင်စီ အဖွဲ့များအနေဖြင့် ၎င်းတို့၏ မိတ်ဖက်များထံ စွမ်းဆောင်ရည် အားကောင်းမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန် ၎င်းတို့၏ အတွင်းပိုင်း စွမ်းဆောင်ရည်များကို အကဲဖြတ် ဆန်းစစ်ရန် လိုအပ်ပေသည်။ ဤကဲ့သို့သော ဆန်းစစ်အကဲဖြတ်မှုအပေါ်တွင် မူတည်ပြီး အားနည်းချက်များ ပြန်လည်အားကောင်းလာစေရန် ဝန်ထမ်းများအား သင်တန်းပေးမှု သို့မဟုတ် ဦးဆောင်လမ်းညွှန်မှုဆိုင်ရာ စွမ်းရည်နှင့် စိတ်ဓာတ်များကို ပြန်လည်သုံးသပ်ခြင်း၊ အလုပ်လျှောက်လွှာများနှင့် လက်ခံမှုတို့ကို ပြန်လည်သုံးသပ် တည်းဖြတ်ဆောင်ရွက်မှုတို့ကို ဆောင်ရွက်ရပေမည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဒေသတွင်း သင်တန်း ပို့ချမှု စွမ်းဆောင်ရည်နှင့် ပတ်သက်သည့် လမ်းကြောင်းရေးဆွဲမှုကို ပြုလုပ်ဆောင်ရွက်သင့်ပြီး အချင်းချင်း လေ့လာသင်ယူမှုဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်သင့်ပေသည်။ စွမ်းဆောင်ရည် အားကောင်းလာစေရေးအတွက် အကျိုးသက်ရောက်မှု အရှိဆုံးချဉ်းကပ်မှုကို အထက်ဖော်ပြပါ နည်းလမ်းများအားဖြင့် မိတ်ဖက်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ရှာဖွေဖော်ထုတ်နိုင် ပြီး အကယ်၍ ပြင်ပရင်းမြစ်တစ်ခုဆီမှ အထူးပြုထားသည့် သင်တန်းပို့မှုတစ်ခု ရှိလာခဲ့လျှင် မည်သည့်နည်းလမ်းသည် အကောင်းဆုံးဖြစ်ကြောင်း ဖော်ငြမတ်သည့် ဆန်းစစ်အကဲဖြတ်မှုကို ဆောင်ရွက်နိုင်ပေသည်။ ဦးဆောင်ကြီးကြပ်မှုဆိုင်ရာ သို့မဟုတ် နည်းပြဆိုင်ရာ အစီအစဉ်များကို အဖွဲ့အစည်းတွင်း ဦးဆောင်ကြီးကြပ်သူများ သို့မဟုတ် ချိတ်ဆက်မှုကွန်ရက်ဆိုင်ရာ မိတ်ဖက်များ မှတစ်ဆင့် လုပ်ဆောင်နိုင်သည်။

### (၆) အဖွဲ့အစည်းဆိုင်ရာ သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုခြင်း

နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းဆိုင်ရာ မူဝါဒများ အခြေခံကို ဖွံ့ဖြိုးတိုးတက်စေရန် ၎င်းတို့၏ ဒေသတွင်း မိတ်ဖက်များကို အထောက်အပံ့ပြုသင့်သည်။ အဆိုပါ မူဝါဒများသည် သီးခြားစီမံကိန်းများနှင့်သာ ကိုက်ညီမှုရှိသည် မဟုတ်ဘဲ အဖွဲ့အစည်း၏ မူဝါဒများနှင့်ပါ ကိုက်ညီသည့်အပြင် အလားအလာရှိသည့် အလှူရှင်များ၏ လိုအပ်ချက်များနှင့်ပါ ကိုက်ညီပေသည်။ အဆိုပါ မူဝါဒများတွင် ဘဏ္ဍာရေးနှင့် ပတ်သက်သည့် မူဝါဒများ (စီမံခန့်ခွဲမှု၊ အစီရင်ခံမှုနှင့် အထောက်အပံ့ပေးမှု)၊ လူ့စွမ်းအား အရင်းအမြစ်နှင့် စပ်ဆိုင်သည့် မူဝါဒများ (လုံခြုံစိတ်ချရသည့် အကာအကွယ်ပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်သားအင်အားစုများ အသစ်ခန့်အပ်ထားမှု) အပြင် လုပ်ဆောင်ရန်တောင်းဆိုလာသော သို့မဟုတ် လိုအပ်သော နောက်ခံအကြောင်းတရားဆိုင်ရာ မဟာဗျူဟာများ ပါဝင်သည်။

**(၇) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူဂါဒများအပေါ် နားလည်ရန် ဆွေးနွေးမှုများ ဆောင်ရွက်ခြင်း**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်ပြုမှုများတွင် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့် တာဝန်ခံမှုတို့သည် အင်မတန်အရေးကြီးကြောင်း ဤသုတေသနက အကြံပေးထားသည်။ သို့သော်လည်း ဘာသာစကားနှင့် နားလည်နိုင်မှု အလားအလာသည် ကွဲပြားမှု ရှိပေသည်။ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၏ တန်ဖိုးထားမှုများဖြစ်သည့် ကတိကဝတ်ထား ဆောင်ရွက်မှု၊ တာဝန်ယူဆောင်ရွက်မှုနှင့် မေတ္တာ ကရုဏာ တရားထားမှုတို့ကို နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများ ဖြစ်သည့် လူသားဆန်မှု၊ ကြားနေမှု၊ သမာသမတ်ရှိမှုနှင့် လွတ်လပ်မှု အစရှိသည်တို့နှင့် နှိုင်းယှဉ်ဆွေးနွေးသင့်ပေသည်။ သို့မှသာ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေတွင် ရှာဖွေတွေ့ရှိနိုင်သည့် အခြေခံမူများနှင့် တန်ဖိုးထားမှုများကို နားလည်မည်ဖြစ်သည်။

**(၈) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် ဖြ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်တို့ လျှော့ချရေးတွင် ရင်းနှီးမြှုပ်နှံခြင်း**

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင် အေဂျင်စီအဖွဲ့များသည် မြန်မာနိုင်ငံရှိ သဘာဝ ဘေးအန္တရာယ် ဖြစ်လွယ်သည့် ဒေသများတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်တို့ လျှော့ချရေးတို့အတွက် ရန်ပုံငွေထောက်ပံ့ခြင်း၊ ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ခြင်းနှင့် အစီအစဉ်ချထားခြင်းတို့ ဆောင်ရွက်သင့်ပေသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် ဖြ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်တို့ လျှော့ချရေးတို့သည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သင့်ပြီး ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကာလကြာရှည်စွာ ဖြစ်တည်ခဲ့မှုတို့နှင့် ရှိသင့်ပေသည်။ ထို့ပြင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို အားကောင်းလာစေမှုနှင့် သင့်လျော်သည့် ဒေသခံအစိုးရအဖွဲ့ အပါအဝင် အခြားသော သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ စီမံခန့်ခွဲမှုတွင် ပါဝင်သင့် ပါဝင်ထိုက်သူတို့နှင့် ညှိနှိုင်းဆောင်ရွက်မှု တည်ဆောက်ခြင်းဖြင့် ၎င်းတို့ကို ထောက်ပံ့ပေးမှုများ ပါဝင်သည်။

**(၉) ရန်ပုံငွေထောက်ပံ့မှုကို တိုက်ရိုက် ထိတွေ့ခွင့် ရရှိနိုင်ရန် ပွင့်လင်းမြင်သာသော တိုက်ရိုက်ဆွေးနွေးပွဲများ ကျင်းပခြင်း**

ပါဝင်သင့်ပါဝင်ထိုက်သူများအနေနှင့် စကားဝိုင်းဆွေးနွေးပွဲများကို အောက်ပါ စိတ်ဆန္ဒများနှင့်
ကျင်းပဆောင်ရွက်ရမည် ဖြစ်သည်။ ရေခံမြေခံပြုမှုသည် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ရေတိုကာလတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အေဂျင်စီများ အနေနှင့် အလှူရှင် အဖွဲ့အစည်းများမှ ရရှိသည့် များပြားသော ဘဏ္ဍာငွေများကို ကြီးကြပ် ထိန်းသိမ်းပေးရမည် ဖြစ်ပြီး တစ်ချိန်တည်းမှာပင် အခွန်ပေးသူများထံမှ ရရှိသည့် ငွေများကို ရန်ပုံငွေ အဖြစ်နှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့ ထောက်ပံ့ပေးမည့် စနစ်အသစ်တစ်ခုကို မဟာဗျူဟာနှင့် ယုံကြည်မှုအပေါ်တွင် မူတည်၍ တည်ဆောက်ရမည် ဖြစ်သည်။ မဟာသဘောတူညီချက် (the Grand Bargain) တွင်ပါဝင်သည့် ကတိကဝတ်များက အလှူရှင်အဖွဲ့များနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ အကြား ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန်နှင့် မြန်မာနိုင်ငံတွင်း ပြောင်းလဲတိုးတက တက်နေမှုများအကြောင်း ဆွေးနွေးမှုသည် အရေးပါသည်။

## (၁၀) ပြည်တွင်းလှုပ်ရှားဆောင်ရွက်သူများနှင့် အလှူရှင် အဖွဲ့အစည်းများကြား နားလည်မှုနှင့် ချိတ်ဆက်မှုများကို ထောက်ပံ့အားပေးခြင်း

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ဘဏ္ဍာငွေများကို တိုက်ရိုက်ထိတွေ့မှုနှင့် စပ်လျဉ်း၍ အလှူရှင်အဖွဲ့အစည်းများနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကြား နားလည်မှုနှင့် ဆက်ဆံမှုတည်ဆောက်ရန် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အထောက်အပံ့များ ပေးသင့်သည်။

- နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ အလှူရှင်များနှင့် ကျင်းပသည့် စည်းဝေးပွဲများသို့ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို တက်ရောက်စေပြီး ဤအလှူရှင်များနှင့် ပေါ် ထွက်လာသည့် အစီရင်ခံစာများနှင့် ဆွေးနွေး တိုင်ပင်မှုများသည် ၎င်းတို့၏ အမြင်ကို ခိုင်မာစေပြီး ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြင့်တက်စေသည်။
- သင့်လျော်သည့် အေဂျင်စီအဖွဲ့များသည် အလှူရှင်၏ အစီရင်ခံမှု ပုံစံ၊ အဆိုပြုမှု၊ မျှော်လင့်မှုနှင့် မူဝါဒများနှင့် ကိုက်ညီမှုရှိမည့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွင် သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ရေရှည် လုပ်ကိုင်မည့် လုပ်ငန်းဆောင်တာများအတွက် အစီအစဉ်ရေးဆွဲမှုနှင့် နားလည်မှုများကို အထောက်အပံ့ပြုပေးနိုင်ပေသည်။ အလှူရှင်အဖွဲ့များ အနေနှင့်လည်း အထက်ဖော်ပြပါ

သင်တန်းပေးမှုများကို စီစဉ်မပြီး အနာဂတ် အလှူငွေများကို လက်ခံလုပ်ကိုင်မည့် သူများ၏ အတွေးအမြင်များကို သိရှိနိုင်ပေသည်။

- အလှူရှင်အဖွဲ့များအနေဖြင့် ၄င်းတို့အတွက် အဆိုပြုလွှာများ၊ ဘဏ္ဍာရေးဆိုင်ရာ ကြေညာမှုများ၊ အဓိက လမ်းညွှန်မှုများနှင့် အဆိုပြုလွှာ ပုံစံများကို မြန်မာဘာသာသို့ ပြန်ဆိုသင့်သည်။
- အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့ ရန်ပုံငွေတိုက်ရိုက်ပေးမည့် ဘဏ္ဍာရေးဆိုင်ရာ အေဂျင်စီအဖွဲ့များကို ရှာဖွေသင့်သည်။
- နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနှင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် လိုအပ်သည့် လွယ်ကူချောမွေ့၍ တိုက်ရိုက်ဘဏ္ဍာငွေထောက်ပံ့မှုကို ထောက်ပံ့ပေးရန် အလှူရှင်အဖွဲ့များ၏ ကောင်းမွန်သော အလေ့အကျင့်များကို ရှာဖွေဖော်ထုတ်သင့်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် နည်းပညာကျွမ်းကျင်မှု၊ စွမ်းဆောင်ရည် တည်ဆောက်မှုနှင့် ဆက်သွယ်ဆောင်ရွက်မှုအတွက်
  အဓိက ငွေကြေးထောက်ပံ့မှုများ ပြုလုပ် ဆောင်ရွက်ပေးရမည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို တည်ဆောက်တိုးမြှင့်ရန် ပိုမိုကြိုးစားဆောင်ရွက်သင့်ပြီး ထိုရန်ပုံငွေများသည် ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထိတွေ့နိုင်မှု ရှိရမည် ဖြစ်ပြီး အသေးစားနှင့် အကြီးစား သဘာဝဘေးအန္တရာယ်များအတွက် အသုံးပြုနိုင်ပေသည်။
- နိုင်ငံတကာ အေဂျင်စီ အဖွဲ့များ အနေဖြင့် အလှူရှင်များထံ တင်ပြသည့် အစီရင်ခံစာများကို ပွင့်လင်းမြင်သာမှုနှင့် လေ့လာသ င်ယူမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် ၄င်းတို့၏ မိတ်ဖက်များနှင့် မျှဝေသင့်သည်။

## (၁၁) ဒေသတွင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများအတွက် ဘဏ္ဍာရေး စဉ်ဆက်မပြတ် ရှိနေစေရန် အထောက်အပံ့ပြုခြင်း

စီမံကိန်းအခြေခံ ရန်ပုံငွေများ၊ ဝန်ထမ်းပဋိညာဉ်များနှင့် စွမ်းဆောင်ရည် အားကောင်းလာ စေရ န် အထောက်အပံ့ပြုမှုတို့က ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များအတွက် အတွေ့အကြုံများပြီး အရည်အသွေးပြည့်ဝသော ဝန်ထမ်းများကို ဆက်လက်ထိန်းထားရန်၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ၎င်းတို့ ဦးတည်ချက်ထားသော ဒေသများတွင် ဆက်လက်ရှိနေစေရန် အတားအဆီးများ ဖြစ်စေသည်။

- နိုင်ငံတကာ အေဂျင်စီအဖွဲ့များ အနေဖြင့် ရင်းမြစ်များရှေ့လျားမှု အစီအစဉ်များ ဖွံ့ဖြိုး တိုးတက်စေရန် ၎င်းတို့၏ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရ မဟုတ်သော အဖွဲ့အစည်း မိတ်ဖက်များကို ထောက်ပံ့ကူညီရမည်။ နိုင်ငံတကာ အေဂျင်စီအဖွဲ့များသည် အဆိုပါ အစီအစဉ်များ၏ လက်တွေ့အကောင်အထည် ဖော်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို လုပ်ဆောင်ရာတွင် စွမ်းဆောင်ရည် အားကောင်း လာအောင် ထောက်ပံ့ကူညီမှု၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် ရန်ပုံငွေများကို တိုက်ရိုက်ထိတွေ့စေမှုများအားဖြင့် လက်တွေ့ကျကျ အထောက်အပံ့ပြုသင့်ပေ သည်။
- ဤသုတေသနတွင်ကင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများအတွက် ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းဆောင်ရွက်မှုများကို တည်ထောင် ရန် ဖော်ပြခဲ့ပြီး နိုင်ငံတကာ မိတ်ဖက်များအနေဖြင့် ဤကိစ္စရပ်ကို ထည့်သွင်း စဉ်းစားသင့်သည်။ သို့သော် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များနှင့်အတူ ခြုံငုံယူဆမှု မပြုသင့်သည့် အချက်မှာ နိုင်ငံတကာ အေဂျင်စီအဖွဲ့များ အနေဖြင့် ၎င်းတို့သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသည့် ဝန်ထမ်းများ ရှိထားသည် ဟူသော အချက်နှင့် အထူးပြုထားသော နိုင်ငံခြား အဖွဲ့အစည်းများမှ ခေါ်ယူလုပ်ကိုင်ခြင်းသည် ပိုမိုထိရောက်မှုရှိသည် ဟူသော အချက်ဖြစ်သည်။
- နိုင်ငံတကာ အေဂျင်စီအဖွဲ့များ အနေဖြင့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို မိတ်ဖက်များနှင့် အနာဂတ်တွင်အသုံးပြု မည့် ဘတ်ဂျက်ငွေများ မှန်ကန်အောင် တွက်ချက်နိုင်စေရန် ထောက်ပံ့ ကူညီဆောင်ရွက်နိုင်သည်။ ဤဆောင်ရွက်မှုထဲတွင် စီမံကိန်းအခြေခံ ဘဏ္ဍာငွေ ချထားပေးခြင်း၊ အဓိက လိုအပ်ချက်များ (ဥပမာ - အိတ်ဆောင်ကွန်ပျူတာနှင့် မော်တော်ယာဉ်များ)နှင့် ရုံးခန်းငှားရမ်းခနှင့် လည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်များ အတွက် ထောက်ပံ့ခြင်းတို့ အကြား လုပ်ငန်းဆောင်တာ

ပါဝင်မှု နည်းပါးသည့် စီမံကိန်းလုပ်ဆောင်မှုတို့အတွက် အဓိက ထိန်းထားပေးမည့် ရန်ပုံငွေတို့ပါဝင်သည်။

- အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မည်သည့်ကုန်ကျစရိတ်ကို တတ်နိုင်သည်၊ မည်သည့်ကုန်ကျစရိတ်ကို မတတ်နိုင် အစရှိသည်နှင့် ပတ်သက်၍ ရိုးသားပွင့်လင်းသည့် ပြောဆိုဆက်ဆံမှု ရှိရမည်။ အဆိုပါအခြေအနေသည် အလှူရှင်၏ မူဂါဒ သို့မဟုတ် အဖွဲ့အစည်း မူဂါဒ အပေါ်တွင် အခြေမခံပေ။ ကုန်ကျစရိတ်များနှင့် ဘတ်ဂျက်များနှင့် ပတ်သက်၍ ကျိုးကြောင်းဆီလျော်မှု ရှိပြီး ခွင့်ပြုရန် သင့်တော်လျှင် မိတ်ဖက်များကြား ရှင်းရှင်းလင်းလင်း နားလည်အောင် လုပ်ပြီး ရိုးသားပွင့်လင်းရမည်။

အထက်ဖော်ပြပါ အကြံပေးချက်များသည် လက်တွေ့ကျသော အသုံးချလုပ်ကိုင်မှုများကို ဦးစားပေးဆောင်ရွက်ရန် ပါဝင်သင့် ပါဝင်ထိုက်သူများကြား ဆုံးဖြတ်ချက်ချခြင်း ဖြစ်စဉ်ကို တွန်းအား ပေးရန် ပြည့်ဝသော အကြံပေးချက်များဖြစ်သည်။ စမ်းသပ်လုပ်ဆောင်ရာတွင် မိတ်ဖက်များကြား မည်သည့် ရွေးချယ်မှုကို လုပ်ဆောင်သည် ဖြစ်စေ အရေးအကြီးဆုံးအချက်မှာ ဒေသ တွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်မှု ဖြစ်သည်။ ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဦးဆောင်မှု အခန်းကဏ္ဍအား ပေးအပ်ရာတွင် လုပ်ရှားဆောင်ရွက်မှုများ (အကြောင်းအရာများ) အပေါ်တွင် သင့်တော်သော ဦးစားပေးဆောင်ရွက်တတ်မှုများသာမက ထိုအဖွဲ့အစည်းများ၏ ထဲထဲဝင်ဝင် နစ်နစ်မြုပ်မြုပ် ပါဝင်လုပ်ကိုင်တတ်မှုများလည်း လိုအပ်ပါသည်။

ဤသုတေသနပါ အကြံပေးချက်များသည် ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်မှုများကို အရှိန်မြှင့်တင်ပေးရန် ဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပါဝင်သင့် ပါဝင်ထိုက်သူတို့၏ ဆုံးဖြတ်ချက်ချခြင်း ဖြစ်စဉ်များကို ထောက်ပံ့ကူညီမှုပေးရန်နှင့် စကားဝိုင်းဆွေးနွေးပွဲများအတွက် သက်သေသာဓကများ ပေးအပ်ရန်ဖြစ်သည်။ ဤသုတေသနတွင် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ အထူးသဖြင့် ပဋိပက္ခနောက်ခံ အကြောင်းတရားများအား မိတ်ဖက်ပြုဆောင်ရွက် ဖြေရှင်းရာတွင် ကျေနပ်မှုမရှိကြောင်း ဖော်ပြထား ပေသည်။ ဤအကြောင်းအရာများသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများနှင့် မိတ်ဖက်ပြုမှုဆိုင်ရာ ချဉ်းကပ်မှုတို့ကို ဆောင်ရွက်ရာတွင်အရေးပါပြီး မိတ်ဖက်ပြုမှုကို တိုးတက်မြင့် မားစေသည်။ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ၎င်းတို့ ကိုယ်စားပြုသည့် ဒေသ ခံ လူမှုအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ်

ဦးဆောင်မှုတစ်ခု ဖြစ်သည်။ နောက်ဆုံးတွင် ပိုမိုအားကောင်းသည့် မိတ်ဖက်ပြုမှုများနှင့် တိုးမြင့်လာသည့် ဒေသတွင်းနှင့် အမျိုးသားအဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများ သည် အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည့် ဒေသ များမှ လူများအား အကူအညီပေး ထောက်ပံ့ရာတွင် အထိရောက်ဆုံးသော နည်းလမ်းများ ဖြစ်ပေသည်။

မိတ်ဖက်များအားဖြင့် ရေခံမြေခံပြုမှု အရှိန်မြှင့်တင်ရေး အစီအစဉ်တွင် ပါဝင်သည့် စုပေါင်းမှု အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရှိ ဒေသတွင်းနှင့် အမျိုးသားအဆင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှု မိတ်ဖက်များနှင့်အတူ သုတေသနရှာဖွေတွေ့ရှိချက် များနှင် အကြံပေးချက်များကို ပြန်လည်သုံးသပ်မည် ဖြစ်သည်။ ထိုသို့ သုံးသပ်ရာတွင် မြန်မာနိုင်ငံ အတွက် ရေခံမြေခံပြုမှု မူဘောင်နှင့် ရေခံမြေခံပြုမှုဆီသို့ တစ်ကမ္ဘာလုံးသုံး နည်းလမ်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုတိုထံမှ လေ့လာသင်ယူထားသည်။ အစီအစဉ်အစုအဝေး အနေဖြင့် သုတေသနအကြံပေးချက်များကို လက်တွေ့အကောင်အထည်ဖော်ပြီးသည့် အခြားအဖွဲ့အစည်းများ စမ်းသပ်လုပ်ဆောင်ရန် စိတ်ဆန္ဒရှိသည့် အခြား အဖွဲ့အစည်းများထံမှ အသံများ အတွေ့အကြုံများကို နားထောင်ရန် စိတ်အားထက်သန်လျက် ရှိပေသည်။ ပိုမိုများပြားသော အဖွဲ့အစည်းများက လက်တွေ့ကျသော သင်ယူလေ့လာမှုနှင့် တုန့်ပြန်မှုများကို ဆောင်ရွက်တိုင်း ဤအကြံပေးချက်များ မှာ ပိုမိုကောင်းမွန် အကျိုးဖြစ်ထွန်းလာမြဲ ဖြစ်သည်။ ဤသို့ပြုမှုဆောင်ရွက်မှုများက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများအား ရေခံမြေခံပြုမှုကို တွန်းအားပေးနိုင်သည့် ဒေသတွင်းနှင့် အမျိုးသားအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့ကြား မိတ်ဖက်ပြုမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေသည်။

## နောက်ဆက်တွဲများ

## နောက်ဆက်တွဲ(၁) - အဓိက ညွှန်းဆိုမှုများနှင့် ထပ်မံဖတ်ရှုစရာများ

### အဓိကညွှန်းဆိုမှုများ

(၁) ခရစ်ယာန် ကူညီထောက်ပံ့ရေးအဖွဲ့၊ CAFOD၊ Oxfam၊ Tearfund၊ ActionAid (2012) ***လွတ်သွားသော အခွင့်အလမ်းများ ဒေသ တွင်းနှင့် အမျိုးသားအဆင့် မိတ်ဖက်ပြုမှုအခြေခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုများကို ကြံ့ခိုင်အားကောင်းစေသည့် ဖြစ်ရပ်။*** B.Ramalingam ၊ B Gray နှင့် G. Cerruti တို့ တွဲဖက်ရေးသားသည်။ အင်တာနက်စာမျက်နှာပေါ်တွင် ကြည့်ရှုရန် - https://www.christianaid.org.uk/resources/about-us/missed-opportunities-case-strengthening-national-and-local-partnership-based

(၂) လူသားဆန်မှုအတွက် အခင်းအကျင်း (၂၀၁၆)။ အင်တာနက်စာမျက်နှာပေါ်တွင် ကြည့်ရှုရန် - https://agendaforhumanity.org/

(၃) မဟာ သဘောတူညီချက် (၂၀၁၆)။ အင်တာနက်စာမျက်နှာပေါ်တွင် ကြည့်ရှုရန် - https://interagencystandingcommittee.org/grand-bargain

(၄) အပြောင်းအလဲအတွက် ပဋိညာဉ် (၂၀၁၅)။ အင်တာနက်စာမျက်နှာပေါ်တွင် ကြည့်ရှုရန် - https://charter4change.org/

### ထပ်မံဖတ်ရှုစရာများ

(၁) Action Contre la Faim France, CDAC Network & Start Network (2018) ***လက်တွေ့သုံး ဒေသခံမြေခံပြုမှု - ထွက်ပေါ်လာသော အညွှန်းများနှင့် လက်တွေ့ကျသော အကြံပြုချက်များ။*** စာရေးသူများ - K. Van Brabant & S. Patel, Global Mentoring Initiative (GMI).

အင်တာနက်တွင် ဖတ်ရှုရန် - https://reliefweb.int/report/world/localisation-practice-emerging-indicators-and-practical-recommendations

(၂) Fortify Rights (2018) ***သူတို့သည် အရာအားလုံးကို ပိတ်ဆို့သည်။ မြန်မာနိုင်ငံ ကချင်ဒေသရှိ စစ်ဘေးကြောင့် ရွှေ့ပြောင်းနေထိုင်ကြသည့် တိုင်းရင်းသားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများတွင် ရှောင်လွှဲနိုင်သော ချို့တဲ့မှုများ*** အင်တာနက်စာမျက်နှာတွင် ဖတ်ရှုရန် www.fortifyrights.org/downloads/They_Block_Everything_EN_Fortify_Rights_August_2018.pdf

(၃) ICVA (2018) *Localization Examined : An ICVA Briefing Paper*. အင်တာနက်စာမျက်နှာတွင် ဖတ်ရှုရန် - https://www.icvanetwork.org/resources/localization-examined-icva-briefing-paper

(၄)မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့ (၂၀၁၇)၊ ***၂၀၁၈ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ယေဘုယျသုံးသပ်မှု - မြန်မာနိုင်ငံ*** အင်တာနက်စာမျက်နှာတွင် ဖတ်ရှုရန် - https://reliefweb.int/sites/reliefweb.int/files/resources/2018%20Myanmar%20Humanitarian%20Needs%20Overview.pdf

(၅) Oxfam, မဟာဗျူဟာမြောက် ဖက်စပ်အဖွဲ့ (JST) (ရက်စွဲမပါရှိ) ***ကချင် အရေးပေါ်တုန့်ပြန်မှု ယန္တရား*** *(ERM).*

(၆) Oxfam and International Alert (2017). ***ပဋိပက္ခတွင်းမှ မိတ်ဖက်ပြုမှု - အကြမ်းဖက်အသွင်ဆောင်သည့် ပဋိပက္ခများက အရပ်ဖက်လူမှုအဖွဲ့အစည်းများကို အကျိုးသက်ရောက်ပုံနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများက တုန့်ပြန်ဆောင်ရွက်ကြပုံ*** စာရေးဆရာများ - M. Stephen, E. Drew, C. Ellis, & R. Nusrat. အင်တာနက်စာမျက်နှာပေါ်တွင်ဖတ်ရှုရန် - https://policy-practice.oxfam.org.uk/publications/partnerships-in-conflict-how-violent-conflict-impacts-local-civil-society-and-h-620359

(၇) Trócaire (2017) ***ငွေထက်ပို၍ - ဒေသခံမြေခံပြုမှု အလေ့အကျင့်*** ၊ စာရေးသူများ - V. De Geoffroy and F. Grunewald.
ဖတ်ရှုရန် - www.trocaire.org/resources/policyandadvocacy/more-than-the-money-localisation-practice

နောက်ဆက်တွဲ(၂) - လုပ်ရှားဆောင်ရွက်မှုများ၊ စမ်းသပ်ဆောင်ရွက်မှုများနှင့် သုတေသနေ အကြံပေးချက်များ၏ တိုးတက်မှုများကို ဆန်းစစ်အကဲဖြတ်ရန် ဇယား

| | | စမ်းသပ်လုပ်ဆောင်မည်ဆိုလျှင် | | | | | စမ်းသပ်လုပ်ဆောင်ရန် မရှိလျှင် | |
|---|---|---|---|---|---|---|---|---|
| သုတေသန အကြံပေး ချက်များ | စမ်းသပ်လုပ်ဆောင်ရန် (ရှိ/မရှိ) | မှတ်ကျောက်တိုင်များ (တိုးတက်ပြောင်းလဲမှု ကို သိစေရန်) | အညွှန်းများ (အကြံပေး ချက်များကို မည်မျှ ရောက်ရှိပြီးကြောင်း သိရှိစေရန်) | လုပ်ရှားဆောင်ရွက်မှု (မည်သည်တို့ လုပ်ရန် လိုအပ်သနည်း) | တာဝန်ယူမှု (မည်သူက အဓိက တာဝန်ယူမည်နည်း) | ရင်းမြစ်များ (ရင်းမြစ်သသစ်များနှင့် ရှာဖွေသူများ) | အကြောင်းရင်း | ပြင်ပမှ ပါဝင်သင့် ပါဝင်ပတ်သက်သူများထံ သတင်းစကား |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

Funded by
European Union
Civil Protection and
Humanitarian Aid

ACCELERATING LOCALISATION THROUGH PARTNERSHIPS

**Christian Aid**
caid.org.uk

**CARE**
careinternational.org

**Tearfund**
tearfund.org

**ActionAid**
actionaid.org.uk

**CAFOD**
cafod.org.uk

**Oxfam GB**
oxfam.org.uk